ဟင်္သာတမြို့
ကျေးရုံးတော်ရှင်
မိုးကောင်းဆရာတော်ဘုရားကြီး
၏
ပြဝါဒကထာ စမ္ဘာတနှစ်မျှား



၁၀၉

အရှင်စန္ဒာသီရိဘိဝံသ
စီစဉ်ပူဇော်သည်

GRAPHIC

ဆရာသခင် ကျေးဇူးရှင်၏

ဩဝါဒကထာ မြတ်ရတနာကို

လေးနက်ကြည်ဖြူ။ သုံးစွဲပါမူ

စိတ်ထားလည်းလှ သီဘုတ်ရ၍

စာရိတ္တမကွိုင် လွန်ကြုံခိုင်ပြီး


သာသနာတွက် စွမ်းအားတက်သည်

ဆက်ဆက်မုချ အကျိုးပေတည်း ။ ။

ဒီဇင်ဘုရင်ကြီး

30-7-04

ဒီစာအုပ်ကို ကျွန်တော်
.....ကို
အသိအမှတ်ပြုလက်ဆောင်
.....မှ



အမှတ်တရ
ရွှေလက်ဆောင်

သားသမီးများကောက်ထွန်းကားပြန်ပွားရေးဦးစီးဌာန
ဆူးတောသန်းစာဖြည့်တိုက်သို့
ဘွဲ့ရှိရှုပုစ္ဆာအကုဘိဝံသ လှူဒါန်းပါသည်။
(ဟင်္သာဝတီ-ပိုးကောင်းအကျော်)

ဟင်္သာတမြို့

ကျေးရွာဧေတာ်ရှင်

မိုးကောင်းဆရာတော်ဘုရားကြီး

ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယကအဂ္ဂမဟာပဏ္ဍိတ

ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ

၏

သဒ္ဓါဒေကထာ ဓမ္မရတနာများ

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

စတုတ္ထအကြိမ် သဒ္ဓါဒခံယူပွဲ

အထိမ်းအမှတ်အဖြစ် ထုတ်ဝေပူဇော်ပါသည်။



ဟင်္သာတမြို့

ကျေးဇူးတော်ရှင် မိုးကောင်းဆရာတော်ဘုရားကြီး

မာတိကာ

စီစဉ်သူ၏ အမှာစကား

(၁) နှလုံးသားမှာဘုရားတည်ပါ

အကျိုးရှိတဲ့ဩဝါဒခံယူပွဲ	၁
သူတော်ကောင်းတို့နှစ်သက်သော	၂
အရာ (၃) မျိုး	
ညီညွတ်ကြပါ	၄
ဩဝါဒခံယူပွဲသာဖြစ်ပါစေ	၆
အသင့်အနိဝါရဏ	၇
လမ်းမှန်ကိုလျှောက်ပါ	၈
ဘုရားချမှတ်ပေးသောလမ်း	၉
လမ်းကောက်မလိုက်ပါနဲ့	၁၀
ဘုရားပေါင်းရှစ်သောင်းလေးထောင်	၁၃
ဘုရားနှစ်မျိုး	၁၄
သာသနာကွယ်ပြီ	၁၄
ကိုယ့်အပြစ်ကိုယ်မြင်	၁၅
နှလုံးသားမှာဘုရားတည်ပါ	၁၇

ဩဝါဒခံယူပွဲအထိမ်းအမှတ်

မိုးကောင်းဆရာတော်ဘုရားကြီး


(၂) သာသနာငါးထောင်ပြဿနာ ရှင်းတမ်း (သို့) အရေးကြီးသော စကားတစ်ခွန်း

ဘိက္ခုနီသာသနာခွင့်တောင်းခြင်း ၂၄
ဘိက္ခုနီသာသနာခွင့်ပြုခြင်း ၂၇
ဂရုဓမ်တရားနဲ့ ဘောင်ခတ်ထားမယ် ၂၉
သာသနာတော်ရဲ့ အဦးဆုံး ဘိက္ခုနီမကြီး ၃၁
ဘိက္ခုနီသာသနာရှိသေးလား ၃၃
ဘိက္ခုနီသာသနာပြန်လည်ထူထောင်နည်း ၃၅
ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်ဟူသည် ၃၆
သာသနာတော်နှစ်ဘယ်လောက်ခံမလဲ ၃၈
မိလိန္ဒမင်းကြီးမေးတဲ့ပြဿနာ ၄၀
အရှင်နာဂသိန် အဆုံးအဖြတ် ၄၂
သာသနာငါးထောင်ဆိုတာ ခန့်မှန်းချက်ပါ ၄၃
သာသနာဘယ်တော့မှ မကွယ်ပါဘူး ၄၅
ဘုရားကို အားနာဖို့ကောင်းလိုက်တာ ၄၅
ဘုရားမျက်နှာတော်ကို ငဲ့ကြည့်ပါဦး ၄၆
သာသနာ့အပင်ကြီး ကျိုးပေါင်းတက်နေပြီ ၄၈
လူမှု့ဝန်ထမ်းလား သာသနာ့ဝန်ထမ်းလား ၄၈
ကိုယ့်အလုပ် ကိုယ်လုပ်ရင် သာသနာ
မကွယ်ပါဘူး ၅၁

(၃) ကောင်းသောညီညွတ်ခြင်းဖြစ်ပါစေ

ချမ်းသာ (၄) မျိုး ၁၄
သံယာညီညွတ်ရင် ချမ်းသာတယ် ၁၆
မိုးကောင်းနွယ်ဖွား သံယာများ ၁၈
ကူညီရိုင်းပင်း သံယာချင်း ၆၀
စောင့်ရှောက်လိုသော ဆရာ့စေတနာ ၆၂
ညီညွတ်ခြင်း နှစ်မျိုး ၆၄
ငါ့အတွက် သာသနာတော်က ဘာလုပ် ပေးနိုင်လဲ ၆၆
ဘုရားပေးတဲ့ နှစ်ခုသော တာဝန်ကြီး ၆၉
သာသနာ့ကျေးဇူးဆပ်ဖို့ မမေ့နဲ့ ၇၁
အလှမ်းကျယ်၍ အလည်လပ်သည် ၇၃
သာသနာ့အရိပ်ခိုတော့ ချမ်းသာသည် ၇၄
အရိပ် ငါးမျိုး ၇၉
အရိပ်စစ်ထဲမှာပျော်ရွှင်ပါ ၈၁
ကောင်းသောညီညွတ်ခြင်းတွေဖြစ်ပါစေ ၈၃

ဩဝါဒခံယူပွဲအထိမ်းအမှတ်



ဒီဓဉ်ပူဇော်သူ၏အမှာစကား

ကျေးဇူတော်ရှင် ဟသ်ာတမြို့ မိုးကောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘုရားကြီး အထံတော်မှအဝေးရောက် မိုးကောင်နွယ်ဖွား တပည့်များ၏ဩဝါဒခံယူပွဲကို ကျင်းပခဲ့သည်မှာ စတုတ္ထအကြိမ်သို့ပင်တိုင်ခဲ့လေပြီ။ နှစ်စဉ်တပေါင်းလပြည့် ဝန်းကျင်ရက်များအတွင်း ဩဝါဒခံယူပွဲကျင်းပပြီး အနယ်နယ် အရပ်ရပ်ရှိ တပည့် သံယာအားလုံး သွားလာရေး လွယ်ကူစေမှုအတွက် ရန်ကုန်ရှိတပည့်ကြီးများ၏ ကျောင်းတိုက်အသီးသီး၌ အလှည့်ကျ ကျင်းပရန် အများသဘောတူ ဆုံးဖြတ်ခဲ့ ကြပါသည်။

စတုတ္ထအကြိမ်

သို့ဖြစ်၍
အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မဂ်လသိရိ ပရိယတ္တိစာသင်တိုက်၌ (ပထမအကြိမ်)။
လှိုင်သာယာမြို့နယ်၊ အမှတ်(၃)ရပ်ကွက် အကျော် ပရိယတ္တိစာသင်တိုက်၌ (ဒုတိယအကြိမ်)။
ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဟသ်ာတ ပရိယတ္တိစာသင်တိုက်၌ (တတိယအကြိမ်) တို့ကို အောင် မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်ကမ္ဘာအေးသို့ တိပိဋကဩဝါဒါစရိယတာဝန်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်တာဝန်စသည်ဖြင့် ကြွရောက်ခိုက် လည်းဖြစ်၊ သံဃာအများစုံညီစွာ လာရောက်နိုင်ချိန် လည်းဖြစ်၍၊ ဩဝါဒခံယူပွဲ ကျင်းပရသည်မှာ စည် စည်ကားကား သိုက်သိုက်မြိုက်မြိုက်ရှိလှပြီး၊ အလွန်ပင်အဆင်ပြေလှပါသည်။

အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကန်ဦး ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည့် ဤစတုတ္ထ အကြိမ်ဩဝါဒခံယူပွဲကိုတော့ အကြောင်းမညီညွတ်၍ သတ်မှတ်ချိန်အမီ မကျင်းပနိုင်ခြင်းအတွက်များ စွာပင်စိတ်မကောင်းဖြစ်ရပါသည်။ (သည့်အတွက် လည်းနားလည် ခွင့်လွှတ်ပေးပါရန် အားလုံးကို

တောင်းပန်အပ်ပါသည်) သို့သော်လည်း ဆရာတော်ဘုရားကြီး ကမ္ဘာအေးဌှ နိုင်ငံတော်သံဃမဟာနာယက တာဝန်ထမ်းဆောင် နေဆဲကာလဖြစ်၍ တပည့်သံဃာစုံညီမှု မရှိနိုင်သော်လည်း ဒါယကာ-ဒါယိကာမများနှင့်အတူ ဩဝါဒခံယူ ပွဲကိုအောင်မြင်စွာကျင်းပနိုင်မည်ဖြစ်၍ ဖြေသိမ့်နိုင်ခဲ့ပါသည်။

ဩဝါဒခံယူပွဲ အရှိန်ရလာသည်နှင့်အမျှ "နှုတ်တစ်ရာစာတစ်လုံး"ဆိုသကဲ့သို့ ဆရာသခင်ကျေးဇူးရှင်၏ ပထမ၊ ဒုတိယ၊ တတိယအကြိမ်များက ချီးမြှင့်ခဲ့သော ဩဝါဒစကားများကို စုစည်းကာ စတုတ္ထအကြိမ် ဩဝါဒခံ ယူပွဲအမီ စာအုပ်တစ်အုပ် အနေနှင့် မှတ်တမ်းတင် ထုတ်ဝေပူဇော်ရန် ကန်ဦးဆရာတော်ဘဒ္ဒန္တပညာဇောတ အပါအဝင် တပည့်သံဃာများအားလုံးက အကြုံပြုတိုက်တွန်းကာ မိမိအားတာဝန်ပေးအပ်လာပါသည်။

သမဂ္ဂသံဃာတော်များ၏ ဆန္ဒအား၊ ဖြည့်ဆည်းသောအားဖြင့်လည်းကောင်း၊ ဆရာသခင်ကျေးဇူးရှင်အားပူဇော်သောအားဖြင့်လည်းကောင်း တပည့်သံဃာများနှင့် အားလုံးအတွက် ဘဝတစ်သက်တာ မှတ်သားစရာများ၊ လိုက်နာကျင့်သုံး ဖွယ်ရာများအပြင်

(၁) စိတ်နေသဘောထားမြင့်မား စေရန် စတုတ္ထအကြိမ်

(၂) စာရိတ္တမကျိုင်ကြံ့ခိုင်စေရန်
(၃) အမျိုး ဘာသာ သာသနာအကျိုးကို စွမ်း စွမ်းတမံဆောင်ရွက်နိုင်စေရန် ဟူသောရည်ရွယ် ချက်ကောင်းများစွာပါဝင်သော **"သြဝါဒကထာဓမ္မ ရတနာများ"** အမည်ရှိ ဤစာအုပ်ငယ်ကို စီစဉ်ကာ စာရှုတို့၏ လက်တွင်းသို့ အရောက်အပ်နှင်း လိုက်ရ ပေသည်။

ဤစာအုပ်ငယ်ပါ သြဝါဒစကားများကို လိုက် နာ ကျင့်သုံးခြင်းဖြင့် စာရှုသူတို့၏ အတ္တ၊ ပရ- နှစ်ဝ သော အကျိုးကို ပြီးမြောက်စေလျက်။ အမျိုးဘာသာ သာသနာတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက် နိုင်ပြီး၊ ပစ္စုပ္ပန်သံသရာ ကောင်းကျိုးအဖြာဖြာတို့ကို ပြည့်စုံစေလိမ့်မည်ဟု ယုံကြည်မိပါသည်။

သြဝါဒကထာ ဓမ္မရတနာများအမည်ရှိ ဤ စာအုပ်ငယ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အားပေးကူညီခဲ့သော ကန်ဦးပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တပညာဇောတနှင့်အတူ မိုးကောင်း နွယ်ပွား သမဂ္ဂသံဃာများ၊ တိပ်ခွေ၊ ဗွီစီဒီတို့မှ တဆင့် စာမူကြမ်းအဖြစ် ရေးကူးပေးသည့် အင်းစိန် မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလသိရိပရိယတ္တိ စာသင်တိုက်မှ စာချနာယကများဖြစ်ကြကုန်သော


သြဝါဒခံယူပွဲအထိမ်းအမှတ်

မိုးကောင်းဆရာတော်ဘုရားကြီး

ဦးတေဇဝန္တ (တောလှိုင်း) အရှင်အဂ္ဂဇဲယျ (ရွှေမိုးမြေ)၊ ဦးပညာဇောတ (မြန်အောင်)မျက်နှာ ဖုံးဒီဇိုင်း ဆရာ ကိုနေဝင်းအောင်စသည့် ကျေးဇူး တင်ထိုက်သူ အားလုံးတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာချစ်သူအားလုံး
ကောင်းမြတ်သော ဘဝ နှင့် ဆန္ဒ
တစ်ထပ်တည်း ကျန်ိုင်ပါစေ။

စီစဉ်ပူဇော်သူ
အရှင်စန္ဒာသိရီဘိဝံသ
စေတိယဂ်ဏ+ သာသနဓဇမဟာစရိယ၊
ပရိယတ္တိသာသနပါလဓမ္မာစရိယ၊ LLB(Law)
မဂ်လသိရီပရိယတ္တိစာသင်တိုက်
ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့။



စတုတ္ထအကြိမ်



နှလုံးသားမှာဘုရားတည်ပါ

အင်းစိန်မြို့၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလသိရိ ပရိယတ္တိ စာသင်တိုက်ကြီးအတွင်း၌၊ အဝေးရောက် မိုးကောင်း နွယ်ဖွားတပည့်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ပထမအကြိမ် ဩဝါဒခံယူပွဲ မှာ "နှလုံးသားမှာဘုရားတည်ပါ" ဆိုတဲ့ခေါင်းစဉ်နဲ့ ဩဝါဒပေးခဲ့မှာဖြစ်ပါတယ်။

အကျိုးရှိစေ ဆုံးမဩဝါဒ ခံယူပွဲ

ဒီကနေ့ဆရာတပည့်တွေတွေ့တုန်း၊ ဆုံတုန်း အခိုက်မှာဩဝါဒခံယူပွဲလုပ်ကြတယ်။ "ဩဝါဒ

ခံယူပွဲ"ဆိုတဲ့အသုံးအနှုန်းလေးကို ဘုန်းကြီးသိပ်ကို နှစ်သက်ပါတယ်။ ကျက်သရေလည်း ရှိ၊ ဆရာလည်း အကျိုးရှိ၊ တပည့်တွေဘက်ကလည်း အင်မတန် အကျိုးရှိတဲ့ဩဝါဒခံယူပွဲပါပဲ။ ပူဇော်ပွဲလုပ်တာကို တော့ဘုန်းကြီး မနှစ်သက်ပါဘူး။

ဒီနေ့ပွဲမှာ ဂါထာတွေရွတ်ကြ၊ ထီးဖြူတွေ မိုးကြ၊ လျှဖွယ်ပစ္စည်းတွေ လှူဒါန်းကြတော့ ပူဇော်ပွဲ လုပ်နေပြီဆိုတာ ဘုန်းကြီးသိလိုက်ရတယ်။

ဒီတော့ ဩဝါဒခံယူပွဲဟာ မျက်ခြေပြတ်သလိုဖြစ် သွားတာပေါ့။

သူတော်ကောင်းတို့နှစ်သက်သောအရာ(၃)မျိုး

ဩဝါဒေယျ = အပြစ်ဖြစ်လာတဲ့အခါမှာ ပေါ်လာတဲ့အပြစ်ကိုထောက်ပြီးတော့ နောင် ဒီလိုမလုပ်နဲ့လို့ သွန်သင်ရာ၏၊ ဆုံးမရာ၏။

အနုသာသေယျ = အပြစ်မပေါ်ခင်ကြိုတင်၍ ဆုံးမသင့်ရာ၊ ဆုံးမထိုက်ရာကို ဆုံးမရာ၏။

အသဇ္ဇာစ = မသူတော်တို့ရဲ့အလုပ်အကိုင်၊
နိဝါရယေ အပြောအဆို၊ အမူအကျင့်၊ စာရိတ္တတို့မှ ဆရာဖြစ်သူက

တားမြစ်ပေးရာ၏။

၁။ အပြစ်ဖြစ်ပေါ်လာတဲ့အခါမှာ အပြစ်ကိုထောက်ပြီးတော့ နောင်ဒါမျိုးမလုပ်နဲ့၊ မပြောနဲ့လို့ ဆုံးမရတယ်။

၂။ အပြစ်မပေါ်မီ ဆုံးမသင့်တာကို ဆုံးမရတယ်။

၃။ မကောင်းတဲ့ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအရာ၊ မပြောသင့်၊ မလုပ်သင့်၊ မတွေးခေါ်သင့်တဲ့ အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအခေါ်တွေကို မလုပ်မိ၊ မပြောမိ၊ မတွေးခေါ်မိအောင် ဆုံးမရမယ်။

ဤအချက်သုံးချက်ကို

သတံ = သူတော်ကောင်းတို့သည်၊ ပိယော = ချစ်အပ်သည်၊ ဟောတိ = ဖြစ်၏။

သူတော်ကောင်းစိတ်ရှိတဲ့ပုဂ္ဂိုလ်မှန်သမျှ တပည့်ပဲဖြစ်ဖြစ်၊ တပည့်မဟုတ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ သြဝါဒ၊ အနုသာသနီ၊ အသဒ္ဓာနိဝါရယျ ဤသုံးမျိုးကို နှစ်သက်တာချည်းပါပဲ။

အသတံ-သူတော်မဟုတ်၊ သူယုတ်ဘို့ကား၊ အပိုယော၊ မချစ်ခင်မနှစ်သက်သည်။ ဟောတိ-ဖြစ်၏။ သူတော်ကောင်းစိတ်မရှိသူ၊ မသူတော်များကတော့အထက်ပါအချက်သုံးချက်ကိုမနှစ်သက်ကြပါဘူး။

ဒီဒေသနာတော်နှင့်အညီ ယခုလိုအကြောင်း တိုက်ဆိုင်တုန်းမှာ ဘုန်းကြီးဩဝါဒပေးပါ့မယ်။ ပြီးတော့မှ အသင့္ဘာနိဝါရယျကို ဆက်ပြောပါ့မယ်။ ဩဝါဒ ပေးရမယ်ဆိုတော့ ရန်ကုန် နဲ. ပ. သ တက္ကသိုလ်က တပည့်တွေက တောင်းပန်လို့ တိပိဋကဩဝါဒါစရိယ တာဝန်ထမ်းဆောင်စဉ် အတွင်း သွားရောက်ပြီး ဩဝါဒပေးရပါသေးတယ်။ သူတို့ရဲ့ ဩဝါဒခံယူပွဲ မတိုင်မီမှာလည်း၊ ကမ္ဘာအေးဝိဇယ မဂ်လာသဘင်မှာ ဆရာတော်ရောက်တုန်း ဩဝါဒ လေးခ်ီးမြှင့်ပါဦးလို့၊ သာသနာရေးက တပည့်ဒကာ တွေကလျှောက်လို့၊ အဘိဓမ္မာသင်တန်းသား၊ သင်တန်းသူများကို ဩဝါဒပေးခဲ့ရပါသေးတယ်။ **"ဩဝါဒဆိုတာ သူတော်ကောင်းတွေ နှစ်သက် မြတ်နိုးတဲ့အရာပဲ"** ဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့ ဩဝါခံယူပွဲဟာ တပည့်တို့အတွက် အကျိုးရှိတဲ့ ဩဝါဒခံယူပွဲပါပဲ။

ညီညွတ်ကြပါ

ဒီကျောင်းတိုက်မှာ ပြုလုပ်တဲ့ ဩဝါဒခံယူပွဲ မှာတော့ **သုခါ သံဃသ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ** ဆိုတဲ့၊ ဒီဒေသနာစာပိုဒ်လေးကို ရှေးဦးစွာပြောချင်ပါတယ်။ ဘယ်နေရာမျိုးမှာမဆို

ညီညွတ်တာ စိတ်အချမ်းသာရဆုံးပါ။ အိမ်တစ်အိမ်မှာပဲဖြစ်ဖြစ်၊ မိသားစုတစ်ခုမှာပဲဖြစ်ဖြစ်၊ မညီညွတ်ရင် နေချင်စရာ မကောင်းသလို စိတ်ဆင်းရဲ ဇာရတာချည်းဖြစ်လို့၊ ညီညွတ်တာဟာ စိတ်အချမ်းသာ ရဆုံးဖြစ်ပါတယ်။

အခုလည်း မိုးကောင်းကျောင်းတိုက်မှာ ပညာသင်ပြီးတော့၊ နေရာဒေသ အသီးသီးမှာ သီတင်းသုံးကြပြီး၊ ကိုယ့်နေရာကိုယ့်ဒေသမှာ ကိုယ့်အလုပ်ဖြစ်တဲ့၊ သာသနာ့တာဝန် အသီးသီး ထမ်းဆောင်နေကြသော တပည့်တွေရဲ့ဖန်ရံခါ အခုလို ညီညီညွတ်ညွတ်နဲ့ စုဆုံပြီးတော့ တစ်ယောက်ကိုတစ်ယောက် ဆုံးမ၊ ငယ်တဲ့လူက ကြီးတဲ့လူစကား နားထောင်လို့ဆိုရင်၊ ဘယ်ပုဂ္ဂိုလ်မှ စိတ်မချမ်းသာဘဲ မနေနိုင်ဘူး။ ဒီအလုပ်ဟာ စိတ်ချမ်းသာစရာဝမ်းသာစရာ အကောင်းဆုံး အလုပ်ပါ။

ဘာကြောင့်တုန်းဆိုတော့ ဒီနေ့ပွဲမှာ တစ်ချို့လူငယ်လူရွယ်တွေလည်း ပါပါတယ်။ လူငယ်တွေပဲဖြစ်ဖြစ်၊ လူကြီးပိုင်းရောက်နေတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုနဲ့ ကြုံမယ်ဆိုလို့ရှိရင်၊ တစ်တိုက်တည်းကထွက်လာတဲ့ သမဂ္ဂသံယာစာသင် ဘက်တွေကို၊ ဘယ်သူမှလက်ပိုက်ကြည့်မနေပါဘူး။ အကြောင်းရှိလာရင် အကြောင်းအားလျော်စွာ တတ်နိုင်သ

လောက်တော့ ကူညီကြမှာပါ။ အဲဒါ ကိုကအင်မတန်မင်္ဂလာရှိတဲ့အလုပ်၊ အင်မတန်မှ မွန်မြတ်တဲ့အကျိုးရှိတဲ့ အလုပ်ပါပဲ။

ဒါ့ကြောင့် သုခါ သံယဿ သာမင်္ဂီ၊ သံယဿ=သံယာတော်၏၊ သာမင်္ဂီ=ညီညွတ်ခြင်းသည်၊ သုခါ=ချမ်းသာ၏။ လို့ ဘုရားဟောထားခြင်းဖြစ်သည်။

ဩဝါဒခံယူပွဲသာဖြစ်ပါစေ

ဒီနေရာမှာ စကားစပ်လို့ ပြောရဦးမယ်။ တပည့်တွေ လာရောက်လျှောက်ထားစဉ်တုန်းက ဩဝါဒခံယူပွဲပဲ လုပ်ပါလို့ မှာလိုက်ပေမယ့် အခုဒီမှာလှူဒါန်းဖွယ်ရာ စာအုပ်တွေနဲ့ မိတ္တူကူးစက်ကြီးကိုတွေ့ရတယ်။ ဘုန်းကြီးစိတ်မချမ်းသာပါဘူး။ ဘုန်းကြီးရဲ့ဆန္ဒက ကိုယ်ကသာ အကုန်ခံချင်ခံမယ်၊ ကိုယ့်တပည့်တွေ ကုန်တာပြုတာကို နည်းနည်းမှ မကြည့်လို၊ မမြင်လိုပါဘူး။ မလုပ်သင့်ဘူးလို့ ဘုန်းကြီး ယူဆပါတယ်။

“ကိုယ့်အတွက်သာ
သူတကာ
အပူမရှာလေနှင့်၊
ကိုယ့်ကြောင့်သူမှာ
မသက်သာ၊ ဘယ်ဟာကိုမှမပြုနှင့်။” ဆိုသလို

ဩဝါဒခံယူပွဲအထိမ်းအမှတ်

ဘုန်းကြီးကြောင့် တပည့်တွေမှာ ပူပန်မှုတွေနှင့် ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်စေချင်ပါဘူး။ တပည့်တို့လည်း ကိုယ့်အတွက်ကြောင့် သူတစ်ပါး ဝန်ထုပ်ဝန်ပိုး ဖြစ်မယ့် အလုပ်ကိုရှောင်ကြပါ။

ဘုန်းကြီးကတော့ ဝန်ထုပ်ဝန်ပိုး ပလီဟောဓ တွေကိုကြောက်လို့ ကိုယ်ပိုင်ပစ္စည်းမထားဘဲနဲ့ ထန်းပင်လို ကျင့်သုံးနေပါတယ်။

ထန်းပင်ဟာ မြင့်လာလေ အရိပ်ထွက်မှု နည်းလေးပါ။ အခက်အလက် သိပ်မရှိလို့ပေါ့။ ထို့အတူပါပဲ ရဟန်းတော်များဟာလည်း ပစ္စည်း သိုမှီးခြင်းစတဲ့ အခက်အလက်နဲ့တူတဲ့ ပလီဟောဓ နည်းပါးပါမှ ကြီးလာလို့ ရှိသင့်ရှိထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေမြင့်မားလာလေ ပလီဟောဓ အရိပ်ထွက်မှု နည်းလေလေပါပဲ။ ဒါကြောင့် တပည့်တို့ကိုလည်း ထန်းပင်လိုကျင့်သုံးစေချင်တယ်။ နောက်နောင်များမှာ ဝန်ထုပ်ဝန်ပိုးဖြစ်မယ့် ပလီဟောဓတွေကို ရှောင်ကြဉ်ပြီး၊ သြဝါဒခံယူပွဲ သက်သက်သာသာပြုလုပ်ပါလို့ တိုက်တွန်းချင်ပါတယ်။

အာသဇ္ဇနီဝါရဃ

ဆက်လက်ပြီးတော့ ဟိုတလောက တက္ကသိုလ်မှာ တပည့်တွေ လာလျှောက်ထားကြလို့

စတုတ္ထအကြိမ်

"လမ်းမှန်ကိုလျှောက်၊
လမ်းမပျောက်၊
လမ်းကောက်မလိုက်နဲ့"လို့ ပြောခဲ့တဲ့ "အသမ္ဘ
နိဝါရယ" စကားလုံးလေးတွေကို ပြောပါ့မယ်။
တက္ကသိုလ်မှာ အဲဒီစကားပြောပြီးတော့ မေ့နေတယ်။
ဘုန်းကြီးထေရပုတ္တိစာဆောင်ရဲ့ နောက်ကျောမှာ
ဒီစကားလေး ရိုက်ထားတာ တွေ့လိုက်တော့မှ "အေး
ဘုန်းကြီး ဒါလေး မေ့နေတာကွယ်၊ တက္ကသိုလ်မှာ
ဘုန်းကြီးပြောခဲ့တဲ့ ဒီစကားလေးကို ဒီနေရာမှာ ပြော
ပြချင်ပါတယ်"။

လမ်းမှန်ကိုလျှောက်ပါ

တပည့်ဖြစ်တဲ့ ရဟန်းသံဃာတော်အရှင်
မြတ်တို့ ဘုန်းကြီးပြောပါရစေ။ လမ်းမှန်ကို
လျှောက်ပါ။ ဘုရားချမှတ်ပေးတဲ့လမ်းကို လျှောက်
လှမ်းလျှင် "လမ်းမှန်"ကို လျှောက်ခြင်းဖြစ်ပါတယ်။
ဘုရားချမှတ်ပေးသော လမ်းမဟုတ်တဲ့ တစ်ခြား
လမ်းကို မလျှောက်ပါနဲ့။ လျှောက်မိလျှင်တော့
လမ်းမှားဖြစ်သွားတတ်ပါတယ်။

လမ်းမှန်ကို လျှောက်ဆိုတဲ့နေရာမှာ ကံပုဒ်
ရယ်၊ ကြိယာပုဒ်ရယ် နှစ်မျိုးရှိပါတယ်။ "လမ်းမှန်ကို"
ဆိုတာက ကံပုဒ်၊ "လျှောက်"ဆိုတာက ကြိယာပုဒ်

ဖြစ်ပါတယ်။ “လမ်းမှန်ကိုလျှောက်” ဆိုတာပြောင်း ပြန်ပြန်ရင် လမ်းမှားကိုမလျှောက်ပါနဲ့လို့ ဆိုလိုတာ ပါပဲ။ လမ်းမှန်နဲ့လမ်းမှားကို တပည့်တို့တတွေ ဘယ်လို ခွဲဝေမတုန်းလို့ မေးစရာရှိပါတယ်။ ဘုန်းကြီးအသက် (၇၀) ရှိပါပြီ။ တပည့်တွေနဲ့ အခုလိုတွေ့ဘုန်းဆုံတုန်း ကျန်းမာရေးက မဆိုးသေးပါဘူး။ ကောင်းပါသေး တယ်။ ဒါပေမယ့် သခ်ါရတရားမှာ အာမခံချက် မရှိဘူး။ ဘုန်းကြီး အကြောင်းဆုံတုန်း တိုက်ဆိုင် တုံးလေး ပြောတာမှတ်ထားပါ။

ဘုရားချမှတ်ပေးတဲ့လမ်းသည် လမ်းမှန် ဖြစ်ပြီး၊ ဘုရားမချမှတ်ခဲ့တဲ့လမ်းကတော့ လမ်းမှား ဘဲပေါ့။

ဘုရားချမှတ်ပေးသောလမ်း

ဘုန်းကြီးတို့ အနန္တဂုဏ်တော်သခင်ဘုရားရှင် ကိုယ်တော်မြတ်ကြီး ချမှတ်ပေးတဲ့လမ်းဟာ ပရိယတ် နှင့် ပဋိပတ်ဒိနှစ်မျိုးသာဖြစ်ပါတယ်။ စာပေ ပရိယတ် ပို့ချ၊ သိက္ခာပုဒ် လုံအောင်ထိန်း၊ တရား ဘာဝနာ အားထုတ်၊ တရားပြချင်ရင်ပြ အဲဒီနှစ်မျိုးဟာ ဘုရား ချမှတ်ပေးတဲ့ လမ်းဖြစ်ပါတယ်။

ဘုရားက ဒီလမ်းလျှောက်ဆိုလျှင် ဘာမှ စဉ်းစားတွက်ချက် မနေပါနဲ့။ ရဲရဲဝံ့ဝံ့ လျှောက်လိုက်ပါ။

လမ်းမှားမဟုတ် လမ်းမှန်သာဖြစ်တယ်။ ဘုရား လျှောက်ခိုင်းတဲ့လမ်းဆိုရင် ဘယ်တော့မှ မမှားဘူး။ ဘုရားချမှတ်ပေးတဲ့ လမ်းမဟုတ်ဘဲ တခြားလမ်းကို လျှောက်ခဲ့ရင်တော့ တပည့်တို့ လမ်းမှားရောက်သွား လိမ့်မယ်။ ဘုရားမကြိုက်တဲ့အလုပ်ကို မလုပ်ပါနဲ့။ ဘုရားမကြိုက်တဲ့ စကားကို မပြောပါနဲ့။ ဘုရားကြိုက်တဲ့အလုပ်ကိုလုပ်၊ ဘုရားကြိုက်တဲ့ စကားကိုပြောပါ။ အဲဒါ လမ်းမှန်ကို လျှောက်တာပါပဲ။ အနှစ်ချုပ်အား ဖြင့် ပြောရရင်တော့ ဘုရားချမှတ်ပေးတဲ့ ပရိယတ္တိ (ဂန္ထဓုရ)၊ ပဋိယတ္တိ (ဝိပဿနာဓုရ)၊ လမ်းကိုလျှောက်ပါ။

လမ်းကောက်မလိုက်ပါနဲ့

ကိုယ်လျှောက်ရမယ့်လမ်း၊ ကိုယ်လျှောက်နေတဲ့လမ်း မပျောက်စေနဲ့ဦး၊ ရံဖန်ရံခါ လမ်းမှန်ကို ရောက်ပြီးတော့ တစ်ခါတစ်လေ အကြောင်းအမျိုးမျိုးကြောင့် လမ်းမှား လမ်းကောက်ကို ရောက်သွားတတ်ပါတယ်။

ဘုရားပေးတဲ့လမ်းကိုမလျှောက်ဘဲနဲ့ လမ်းမှား လမ်းကောက်ကို ရောက်သွားလို့ရှိရင် ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်လိုက်ပါ၊ သတိပေးလိုက်ပါ။

"ငါသည် လမ်းကောက်၊ လမ်းမှား ရောက်

သွားပြီလို့" နဂိုက လမ်းမှန်ကို လျှောက်နေရက်သားနဲ့ ဘာဖြစ်လို့ လမ်းမှားသွားတာလဲ၊ သိရင်ပြန်ပြင်၊ လမ်းမှန်ပေါ်ပြန်တက်။ ဘုန်းကြီးလည်း အခု အခိုန်ထိ လမ်းမမှားဘူး။ စာချတယ်၊ သိက္ခာပုဒ်လုံခြုံအောင် ထိန်းတယ်၊ သာသနာရေး ကိစ္စလေးတွေ ခိုင်းရင် လုပ်နိုင်သမျှလုပ်တယ်၊ မလုပ်နိုင်ရင်တော့ မလုပ်ဘူးပေါ့။

လမ်းကောက် မလိုက်ပုံလေး တပည့်မျှားသိထား ဖို့အနည်းငယ်ပြောပြပါ့မယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံတယ်ဆိုတာ တပည့်တို့အားလုံးသိပြီးသား၊ တပည့်တို့ကို ဘာမှအကျယ်ပြောစရာမလိုပါဘူး။

ဒီမှာတက္ကသိုလ်အသီးသီးက တပည့်တွေပါတယ်၊ ကထိကတွေပါတယ်၊ တာဝန်အသီးသီးထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေပါတယ်၊ ပရိယတ္တိစာသင်တိုက်ကြီးတွေ ထူထောင်ပြီးတော့ ပဓာနနာယကအနေနဲ့ အနုနာယကအနေနဲ့ ဂန္ထဓုရ၊ ဝိပဿနာဓုရ ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေလည်းပါတယ်။

ရိပ်သာကြီးတွေထူထောင်ပြီးတော့ တရား

ဘာဝနာကို ကိုယ်တိုင်လည်းအားထုတ်၊ လူပုဂ္ဂိုလ်တွေကိုလည်း ပြသနေတဲ့ ပဋိပတ်သာသနာပြု နေသော ပုဂ္ဂိုလ်တွေလည်း ဒီအထဲမှာပါတာပဲ။ သာသနာ့တာဝန် ထမ်းဆောင်နေတဲ့ပုဂ္ဂိုလ် အမျိုးမျိုးတွေပါကြတယ်၊ ဒါလမ်းမှန်ကို လျှောက်နေတဲ့ပုဂ္ဂိုလ်တွေပါပဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးလေးမှာ ညီတော်အာနန္ဒာ ငိုနေတယ်။ မြတ်စွာဘုရားက-

"အာနန္ဒာ မင်းဘာဖြစ်လို့ ငိုနေတာလဲ" လို့ ညီတော်အာနန္ဒာကိုမေးတယ်။

"ဝမ်းနည်းလို့ပါဘုရား"လို့ဖြေတာပေါ့။

သူက သောတာပန်ပဲ ရှိသေးတာကိုး။ ဒီတော့ မြတ်စွာဘုရားက "အာနန္ဒာရယ်၊ ငါ နဂိုကဟောပြီးပါပြီ။ မွေးလာတဲ့ပုဂ္ဂိုလ်ဟာ သေဖို့ချည်းပဲ၊ ရှင်ကွဲကွဲရင်ကွဲ၊ မကွဲရင်နောက်ဆုံး သေကွဲကွဲရမှာပဲ။ မင်းဘာဖြစ်လို့ ဝမ်းနည်းရတာလဲ"

"တပည့်တော် မြတ်စွာဘုရားနောက်ကတကောက်ကောက်လိုက်ပြီးတော့ ဝတ်ကြီးဝတ်ငယ် ပြုစုနေပါလျက်၊ အခုထိ ရဟန္တာလည်းမဖြစ်သေးပါဘူး၊ မြတ်စွာဘုရားကလည်း ပရိနိဗ္ဗာန်စံတော့မယ်။ အဲဒါ တွေးမိလို့ဝမ်းနည်းတာပါဘုရား" လို့လျှောက်ပါတယ်။

သြဝါဒခံယူပွဲအထိမ်းအမှတ်

ဘုရားပေါင်းရှစ်သောင်းလေးထောင်

"အာနန္ဒာ ငါပြောမယ်၊ မင်းတို့နေတတ်ဖို့ရာ နေပုံထိုင်ပုံ၊ နေနည်းထိုင်နည်း ဝိနည်းသိက္ခာပုဒ်တွေ ကိုလည်း ငါဟောပြီးပြီ၊ ပညတ်ပြီးပြီ။ မင်းတို့ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့အတွက် သုတ္တန် ပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ကြီးကိုလည်း နက်နက်နဲနဲငါပြောပြီးပြီ။ အာနန္ဒာ ငါ့တာဝန်ကျေပြီနော်၊ ငါဘုရားပရိနိဗ္ဗာန်မစံဘဲရှိနေရင် ငါတစ်ပါးတည်းဆုံးမမှာပေါ့"

"ငါဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ ငါဘုရားဟောထားတဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့က ဘုရားပေါင်းရှစ်သောင်းလေးထောင်တို့အနေနဲ့ မင်းတို့ကို ဆုံးမပေးနေရစ်မှာပါ အာနန္ဒာရယ်၊ မင်းဝမ်းနည်းစရာမလိုပါဘူး။"

နောင်တော် မြတ်စွာဘုရားက ညီတော်အာနန္ဒာကို သတိပေးနေတာ၊ ဒီဇာတ်လမ်းကို သံဃာ့ပရိသတ် အကုန်သိတယ်၊ သိပြီးသားလေးကို သရုပ်ပေါ်အောင် ဘုန်းကြီးထုတ်ဖော်ပြောနေတာ။ သိပေမယ့် ပြည့်ပြည့်စုံစုံ လိုရင်းမိအောင်တော့ သိချင်မှသိပါလိမ့်မယ်။

မြတ်စွာဘုရားက သူဟောတဲ့တရားတွေကို သူ့ကိုယ်စား ဘုရားလို့ပြောတာ၊ ဓမ္မက္ခန္ဓာပေါင်း

ရှစ်သောင်းလေးထောင်ဟာ သူ့ကိုယ်စားဘုရားပဲတဲ့။

ဘုရားနှစ်မျိုး

ဒီနေရာမှာ တပည့်တို့မှတ်သားစရာ ဘုရားနှစ်မျိုးရှိပါတယ်။ ရူပကာယဘုရားနဲ့ ဓမ္မကာယဘုရားပါ။

ရူပကာယဘုရားက မဟာသက္ကရာဇ် ၁၄၈ ခုနှစ်မှာ ပရိနိဗ္ဗာန်စံသွားပြီ။ ဒါပေမယ့် ဓာတ်တော်တွေကျန်သေးတယ်။ ပရိနိဗ္ဗာန်မစံသေးတာက ဓမ္မကာယ ဘုရားပဲ။ အဲဒီ ဓမ္မကာယဘုရားရှိနေသမျှ ကာလပတ်လုံး ဟောဒီကမ္ဘာမှာ ဒီသာသနာ ဘယ်တော့မှ မကွယ်ဘူးလို့ မှတ်လိုက်ပါ။

သာသနာကွယ်ပြီ

ဟို..တချို့ သာသနာကွယ်နေတဲ့နိုင်ငံတွေကို လှမ်းကြည့်ကြည့်စမ်းပါ။ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ တာဂစ္စတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူ နောက်ဆုံး အာရှတိုက်ကြီး တစ်တိုက်လုံးလို့ပြောလိုက်ပါမယ်။

သိရီဓမ္မာသောကမင်းကြီးရဲ့ အင်ပါယာအာရှတိုက်ကြီးတစ်တိုက်လုံးကို ဗုဒ္ဓဘာသာနိုင်ငံချည်းပါပဲ။ အခု ဘယ်မှာရှိတော့လို့လဲ။

အင်ဒိုနီးရှားနိုင်ငံမှာ ဆိုလို့ရှိရင်-
"ဟောဓေဋ္ဌေစတီ"ကြီးဟာ ရွှေတိဂုံစေတီ ထက်ကြီးတယ်၊ ဒါပေမယ့် အခုစေတီကြီးပဲ ထီးထီး မားမားကျန်တော့တယ်၊ ကိုးကွယ်မယ့်ပုဂ္ဂိုလ်မရှိ တော့ဘူး၊ သာသနာကွယ်သွားပြီ။

အာဖဂန်နစ္စတန်ကိုကြည့်စမ်း၊ ကမ္ဘာပေါ်မှာ ရွှေဝါရောင်နယ်မြေလို့ တစ်ချိန်က သတ်မှတ်ခံရတဲ့ နယ်မြေပါ။ စေတီတွေဟာ ဝင်းဝါနေတာပဲ။ အခု ဘာသာခြားတွေ ဖြိုဖျက်လို့ ပျက်စီးသွားပြီ။ ဒါ တောင် တော်တော်ကျန်ပါသေးတယ်။

ကမ္ဘာကျော်ရုပ်ပွားတော်ဆိုတာ အဲဒီမှာရှိတယ်။ အခုတော့ မရှိတော့ဘူး။ ကြွေမွကုန်ပါပြီ။

အာဖဂန်နစ္စတန် စတဲ့နိုင်ငံတွေမှာ သာသနာ ကွယ်သွားတာ တစ်ခြားဘာသာရေးကြောင့်လို့၊ တစ်ခြားလူမျိုးတွေကို အပြစ်မတင်ပါနဲ့။ မှားသွား လိမ့်မယ်။

ကိုယ်အပြစ်ကိုယ်မြင်

"လောကမှာ ကိုယ့်အပြစ်ကို ကိုယ်မြင်တာ အကောင်းဆုံး၊ သူများအပြစ်ကိုမမြင်ပါနဲ့၊"

ဘယ်ဘာသာတွေက နှောင့်ယှက်လို့၊ ဘယ်ဘာသာ ကဖျက်ဆီးလို့ တို့ဘာသာ၊ တို့သာသနာ ဘယ်နိုင်ငံမှာ

ကွယ်သွားတာ။ ဒီလိုမမြင်ပါနဲ့။

အဲဒီတုန်းက အဲဒီနိုင်ငံတွေမှာနေတဲ့ ကိုယ်တော်တွေက ဂါထာ၊ အင်းအိုင်၊ ဝိဇ္ဇာ၊ တန္တရ၊ မန္တရ အဲဒါတွေကိုပဲ လိုက်စားနေကြတာပဲ။ ဘုရားပေးတဲ့လမ်းမဟုတ်ဘူး။ လမ်းမှန်မဟုတ်ဘူး။ အဲဒါလမ်းကောက်ပါပဲ။

ဘုရားက ဒီလမ်းကိုလျှောက်ကြကွယ်လို့ ပြောရဲ့သားနဲ့ ဒီလမ်းကိုမလျှောက်ကြဘူး။ မဟုတ်တဲ့လမ်းကောက်ကို လျှောက်နေကြတယ်။ ဒီတော့ အခြားဘာသာဝင်တွေက သာသနာထဲဝင်ပြီးတော့ ဖျက်ဆီးသွားတာပဲ။ အဲဒါဘယ်သူ့အပြစ်လဲ?။

အခြားဘာသာဝင်တွေရဲ့ အခြားလူမျိုးတွေရဲ့ အပြစ်လို့မပြောနဲ့။ မှားသွားလိမ့်မယ်။ ကိုယ့်ရဲ့အပြစ်ပါပဲ။

ကိုယ့်ရဟန်းတော်တွေ လမ်းမှန်ကိုမလျှောက်ဘဲ လမ်းကောက်ကိုလိုက်မိကြလို့ အဲဒီလိုဖြစ်ရတာ။ ဘုရားခိုင်းတဲ့လမ်းကို မလျှောက်ဘဲ မဟုတ်တဲ့လမ်းကောက်ကို လျှောက်မိကြလို့ သာသနာကွယ်တာ၊ နက်နက်နဲနဲမှတ်ပါ။ လမ်းမှန်ကိုလျှောက်ရင် ဘယ်တော့မှ သာသနာမကွယ်ပါဘူး။

နှလုံးသားမှာဘုရားတည်ပါ

ဒီအကြောင်းနဲ့ဆက်စပ်ပြီးတော့ ဘုန်းကြီးပြောမယ်။ နားထောင်ကြည့်။ ယနေ့သံယာတော် တွေရဲ့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်ပါ။ အဓိဋ္ဌာန်ချလိုက်ပါ။

၁။ တို့နိုင်ငံကြီးမှာ တို့သာသနာမကွယ်အောင်လို့ ကိုယ်တိုင် လမ်းမှန်ကိုလျှောက်မယ်၊ လမ်းမှားကို ဘယ်တော့မှ မလျှောက်ဘူး။

၂။ လမ်းမှန်ကိုလျှောက်တဲ့အနေနဲ့ တို့ရဲ့နှလုံးသားမှာ ဘုရားတည်မယ်။ အခြားပုဂ္ဂိုလ်တွေရဲ့ နှလုံးသားမှာလည်း ဘုရားတည်ပေးမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါ။

ဒီမဂ်လသိရီကျောင်းတိုက်မှာဆိုရင် သံယာ (၁၀၀) တစ်ရာကျော်တာပဲ။ စာသင်တိုက်ကြီးပဲ။ စာသင်တိုက်ကြီးတွေဖွင့်ပြီးတော့ စာသင်ပေးနေတာဟာ၊ အဆင့်မြင့်ဆုံးနှလုံးသားမှာ ဘုရားတည်ပေးတာပဲ။

တစ်နှစ်ကို(၁၀၀)တစ်ရာနှင့်တွက်ဦး။ ဆယ်နှစ်ဆိုရင် တစ်ထောင်ပဲ။ ဒီကျောင်းတိုက်ကြီးက နှလုံးသားမှာ ဘုရားတည်ပေးနေတာ။

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေရဲ့နှလုံးသားမှာ ဓမ္မကွန္ဓာဘုရားတည်ပေးနေတာ၊ ဘုရားကဟော

ထားတယ်လေ၊ **"သူ့.ရဲ့.တရားဟာ သူ့ကိုယ်စား ဘုရား ပါပဲလို့"** ဒါကြောင့် ဒီစကားလေးကိုခြေရာခံလိုက်ပြီးတော့ နှလုံးသားမှာ ဓမ္မက္ခန္ဓာဘုရားတည်ကြမယ်ဆိုရင် ဟောဒီသာသနာ လောကအလယ်မှာ မျက်နှာ မငယ်ဘဲထွန်းလင်းပြောင်လိမ့်မယ်။

နှလုံးသားမှာ ဘုရားတည်နည်းဟာ နှစ်မျိုးရှိတယ်။

၁။ အခြေခံတည်နည်းနဲ့

၂။ အဆင့်မြင့်တည်နည်း

တပည့်တို့ သင်ထားတတ်ထားတဲ့ စာပေပရိယတ်တွေဟာ အကောင်းဆုံး၊ အမွန်မြတ်ဆုံးနှလုံးသားမှာ ဘုရားတည်တာပဲ၊ စာပေပရိယတ်ပို့ချတဲ့ပုဂ္ဂိုလ်တွေကလည်း အမြဲမပြတ် တစာစာဖြစ်အောင် စာပေပို့ချပေးပါ။ ရံဖန်ရံခါ တရားပြပေးပါ။ အဲဒါဟာ အဆင့်မြင့် ဘုရားတည်နည်းပါ။

ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေနှလုံးသားမှာ ဘုရားတည်သွားရင် တွက်သာကြည့်ကြပါ။ အကျိုးထူး၊ အကျိုးမြတ်တွေကို စိတ်ကူးနဲ့ခန့်မှန်းရုံဖြင့်ပင် သာသနာအတွက် အားတက်စရာ၊ အားရစရာကောင်းပါတယ်။

နောက်တစ်ခု **အခြေခံဘုရားတည်နည်း**ကို ပြောပြမယ်။

ဩဝါဒခံယူပွဲအထိမ်းအမှတ်

ကလေးတွေ၊ လူငယ်တွေကို ဖြစ်နိုင်တဲ့ နည်းနဲ့ ချော့ခေါ်၊ သူတို့မိဘတွေ၊ ဆရာ၊ ဆရာမတွေနဲ့ပူးပေါင်း၊ ယဉ်ကျေးမှုသင်တန်းတွေဖွင့်၊ မိဘကျေးဇူး၊ ဆရာ့ ကျေးဇူးသိအောင်ပေါ်လာအောင် သင်ပေး၊ စာရိတ္တမကွဲအောင်တွေ ခိုင်မာလာအောင် စိတ်ဓာတ်တွေ၊ ခွန်အားရှိလာအောင်သင်ပေး၊ ဘဝအားမာန်ရှိလာအောင်ပြောပေး၊ ဘုရားဂုဏ်ကျေးဇူးတွေ၊ တရား၊ သံဃာဂုဏ်ကျေးဇူးတွေသင်ပေး။

လိုက်နာရင် လိမ္မာမှု၊ မလိုက်နာရင် ငရဲကြီးမှု၊ အကျိုးနှင့်အပြစ် ယှဉ်ပြပေး၊ သိမြင်သွားရင် ဘယ်နည်းနဲ့မဆို တန်ဖိုးရှိတာပါပဲ။

ဒါသည်ပင် အခြေခံနှလုံးသားမှာ ဘုရားတည်တာပါပဲ။

ဘယ်နည်းနဲ့ ဘုရားတည်တည်၊ ကိုယ်တိုင်နှလုံးသားမှာလည်းဘုရားတည်၊ အခြားအခြားသောပုဂ္ဂိုလ်တွေရဲ့နှလုံးသားမှာလည်း ဘုရားတည်ပေးမယ်ဆိုရင်ဖြင့် လမ်းလျှောက်မမှားဘူး၊ လမ်းလျှောက်မမှားရင် တပည့်တို့ရဲ့သာသနာ့ဘဝလမ်းမှာ အေးချမ်းသာယာဖြောင့်ဖြူးပေလိမ့်မယ်။

ဘုရားတည်ပါဆိုတာ အုတ်ဖုတ်ပြီးတည်တဲ့ ဘုရားကို ပြောတာမဟုတ်ဘူး။ “ဗောဓေါပုဒ္ဓါစေတီ” ကြီးကိုကြည့်။ တောထဲမှာ ဒီအတိုင်းပဲကျန်ရစ်

ခဲ့ရတယ်။ ဘုရားတည်တာ အကျိုးမရှိဘူးလို့ မပြော ပါဘူး။ အကျိုးရှိပါတယ်။ သို့သော် သာသနာတည်ဖို့၊ သာသနာထွန်းလင်းတောက်ပြောင်ဖို့အရေးကိစ္စမှာ တော့ အုတ်နဲ့ထွန်းလင်းတောက်ပြောင်ဖို့ မဖြစ်နိုင် ဘူး။ မရနိုင်ဘူး။

နှလုံးသားမှာ ဘုရားတည်နိုင်မှဖြစ်မယ်လို့ မှတ် ပါ။ ဒါကြောင့် အခု ဘုန်းကြီးပေးတဲ့ဩဝါဒကို လိုရင်း အနှစ်ချုပ်ရရင်-

♠ညီညွတ်တာ တန်ဖိုးကြီးတယ်၊ စိတ်ချမ်းသာ ရပါတယ်။

♠လမ်းမှန်ကိုလျှောက်ပါ။

လမ်းမှားကိုမလျှောက်ပါနဲ့။

လမ်းမှန်ကိုတော့ တို့တစ်သက်လုံးလိုက်မယ်လို့ လမ်းမှားကိုတော့ ဘယ်တော့မှမရောက်စေရဘူးလို့ သံဒိဋ္ဌာန်ချပါ။ သံဒိဋ္ဌာန်ချပြီး မိမိရဲ့နှလုံးသားမှာ လည်း ဘုရားတည်ကြပါ။ သူတစ်ပါး၏နှလုံးသားမှာ လည်း ဘုရားတည်ပေးတဲ့တပည့်ကောင်း၊ တပည့် မြတ်တွေဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါ စေလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ဩဝါဒကို နိဂုံးချုပ် လိုက်ပါတယ်။

တပည့်အပေါင်းသူတော်ကောင်းတို့. . . .

။ သာဓု သာဓု သာဓု ။

ဩဝါဒခံယူပွဲအထိမ်းအမှတ်



သာသနာငါးထောင်ပြဿနာရှင်းတမ်း

(သို့)

အငရုးကြီးသော စကားတစ်ခွန်း

ဒီကနေ့ လှိုင်သာယာမြို့၊ အကျော်ပရိယတ္တိ စာသင်တိုက်အတွင်း၌ အဝေးရောက် မိုးကောင်းနွယ်ဖွား တပည့်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့၏ ဒုတိယအကြိမ် ဩဝါဒခံယူပွဲမှာတော့ . . .

သာသနာငါးထောင်ရှင်းတမ်း (သို့)

စတုတ္ထအကြိမ်

အရေးကြီးသောစကားတစ်ခွန်းကို ပြောပါ့မယ်။ သာသနာငါးထောင်ပြဿနာ ဘာဖြစ်လို့ ပြော်ရသလဲဆိုတော့ လောကလူသားတွေ များသောအားဖြင့် ပြော်နေကြတာက "ရှင်တော်မြတ်ဘုရားတည်ထောင်ခဲ့တဲ့ သာသနာတော်ကြီးဟာ အနှစ်ငါးထောင်သာ တည်တံ့မယ်၊ သာသနာငါးထောင်ပြည့်ရင် ကွယ်မယ်" လို့ ပြောနေကြပါတယ်။

ဟိုး.. လွန်ခဲ့တဲ့ဝါတွင်းကာလတုန်းဆီက ဘုန်းကြီးတို့ဟာသ်ာဟမြို့မှာ အထက်တန်းကျောင်းတစ်ကျောင်းက ဆရာကြီးတစ်ယောက် ဘုန်းကြီးထံသို့ ရောက်လာပါတယ်။ ဆရာကြီးက ဘာပြောလဲဆိုတော့

"ဆရာတော်ဘုရား၊ တပည့်တော် လျှောက်စရာရှိလို့ တပည့်တော်လျှောက်ချင်တာလေး ခွင့်ပြုပါဘုရား၊

တပည့်တော်တို့ကျောင်းမှာရှိတဲ့ ကျောင်းဆရာ၊ ဆရာမတွေထဲမှာ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေရှိသလို၊ ခရစ်ယာန်ဘာသာပင်နှင့် အစ္စလာမ်ဘာသာဝင်တွေလည်း ရှိပါတယ်ဘုရား" တစ်နေ့စကား လက်ဆုံကြတော့-

"မင်းတို့ဗုဒ္ဓဘာသာက အနှစ်ငါးထောင်ပဲခံမှာ၊ အနှစ်ငါးထောင်ပြည့်လို့ ပျက်သွားရင် တို့ဘာ

သာပဲ ကမ္ဘာပေါ်မှာ ရှိတော့မယ် လို့ ဘာသာခြားဆရာ၊ ဆရာမတွေကပြောတော့ တပည့်တော် မခံနိုင်ဘူးဘုရား" လို့ကျောင်း ဆရာကြီးကလျှောက်ထားပါတယ်။

"မခံနိုင်လို့ တပည့်တော် ပြန်လည်ချေပနိုင်လောက်အောင်ကလည်း တပည့်တော်မှာက ပြည့်စုံလုံလောက်တဲ့ ဘာသာရေးအခြေခံက ရှိပါဘူးဘုရား။"

"ဒီတော့ တပည့်တော်တို့ ဗုဒ္ဓဘာသာကျောင်းဆရာ၊ ဆရာမတွေက ဒီကိစ္စကို မိုးကောင်း ဆရာတော်ထံ သွားလျှောက်ပေးပါ။ ဆရာတော်ကဆုံးဖြတ်ပေးပါလိမ့်မယ်လို့ ဆရာ၊ ဆရာမများက လျှောက်ထားခိုင်းသဖြင့် အများဆန္ဒအရ လျှောက်ရတာပါဘုရား။" လို့ ဘုန်းကြီးကို လျှောက်ပါတယ်။

ကျောင်းဆရာကြီးရဲ့ လျှောက်ထားချက်ဟာ အလွန်အရေးကြီးပါတယ်၊ အခု ဘုန်းကြီးပြောမှာက အရေးကြီးတဲ့ စကားကိုပြောမှာ။ အဲ့ဒီဆရာကြီး လျှောက်ကတည်းက "သာသနာငါးထောင် ပြဿနာ" တော့ ငါရှင်းမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ချပြီး မြို့ပေါ်မှရောဂါ၊ အခြားနေရာ နယ်ပယ်ဒေသအသီးသီးမှာပါ ဘာသာရေးအခမ်းအနားဆိုရင် ထည့်ပြောတော့တာပဲ။

မြို့ပေါ်မှာတော့ ဘာသာရေးအခမ်းအနားက ဘုန်းကြီးတာဝန်ချည်းပဲ ဖြစ်နေပါတယ်။ ကိုယ်က ဘာသာ၊ သာသနာ ခေါင်းဆောင်ဖြစ်နေတာကိုး။ ဒီမှာလည်း ဘုန်းကြီး ဒီအကြောင်းပဲ ပြောမှာပါ။ စေတနာအပြည့်အဝနဲ့ ပြောမဲ့စကားဖြစ်ပါတယ်။ ဘာသာ၊ သာသနာအတွက်တော့ မသိမဖြစ်တဲ့ စကားပါပဲ။ ဘာသာ၊ သာသနာတော်နှင့် သက်ဆိုင်တဲ့ စကားဖြစ်နေတော့ ဘိက္ခုနီသာသနာအကြောင်းက စပြီး ပြောကြတာပေါ့။

ဘိက္ခုနီ သာသနာ ခွင့်ကောင်းခြင်း၊

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး တစ်ချိန်က ကပိလဝတ်နေပြည်တော်၊ နိဂြောဓါရုံကျောင်းမှာ သီတင်းသုံးနေစဉ် အခါကပေါ့။ အဲ့ဒီ အချိန်မှာ မြတ်စွာဘုရား၏ အနန္တကျေးဇူးရှင်ဖြစ်တဲ့ မိထွေးတော်ဂေါတမီဟာ လူဘောင်မှာနေရတာ အင်မတန်သံဝေဂဖြစ်ပုံရပါတယ်။

သားဘုရားထံသွားပြီး "သားတော်ဘုရား တပည့်တော်ကို ဘိက္ခုနီပြုလုပ်ပေးပါ။ သားတော်ဘုရား၏ သာသနာတော်မှာ အမျိုးသမီးများကို ဘိက္ခုနီအဖြစ်နဲ့ ဘိက္ခုနီသာသနာခွင့်ပြုတော်မူပါဘုရား" လို့ လျှောက်ထားပါတယ်။

အဲ့ဒီအခါမှာ မြတ်စွာဘုရားက ဘယ်လို အမိန့်ရှိသလဲ ဆိုတော့ "မိထွေးတော်ကြီး... အမျိုး သမီးတွေ သာသနာ့ဘောင်မှာ ဘိက္ခုနီပြုလုပ်ဖို့ရာ ဘိက္ခုနီသာသနာကို မလိုချင်ပါနဲ့၊ မတောင်းပါနဲ့" လို့ မိထွေးတော်ကြီးရဲ့ စကားကို ပယ်ချလိုက်ပါတယ်။ ပယ်ချပြီးတော့ မြတ်စွာဘုရာဟာ ဝေသာလီပြည် မဟာဝုန်တောကို ကွာသွားပါတယ်။

အဲဒီ အခါကြတော့ မိထွေးတော်ကြီးနှင့်အတူ သာကီဝင်အမျိုးသမီးငါးရာခန့်က သူတို့သဘောနဲ့ သူတို့ ကတုံးတုံး၊ ဆံချ၊ သစ်ခေါက်ဆိုးတဲ့ အဝတ်တွေ ဝတ်ပြီးတော့ ဝေသာလီပြည် မဟာဝုန်တောကြီးထဲကို လိုက်လာတာပဲ။

မဟာဝုန်တောထဲမှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို တိုက်ရိုက်တော့ သူမလျှောက်ရဲ သေးဘူး။ ကျောင်းအပြင်ဘက် ပြဿာဒ်ဆောင်မှာ မိထွေးတော်ကြီးနဲ့အတူ သာကီဝင်အမျိုးသမီးတွေ ထိုင်နေကြတယ်။ လမ်းခရီးကလည်းကြမ်းတော့ ခြေထောက်တွေကကွဲ၊ အရွယ်တော်ကလည်း အိုမင်း နေတော့ မိထွေးတော်ကြီးခမျာ အင်မတန်ပင်ပန်း နွမ်းနယ်နေပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားရဲ့ညီ၊ ညီတော် အာနန္ဒာကို အားလုံးပဲသိကြပါလိမ့်မယ်။ အဲဒီအချိန် ညီတော်အာနန္ဒာဟာ၊ ကျောင်းအပြင်ကိုထွက်လာတော့ မိထွေးတော်ကြီးနဲ့ တွေ့ပါတယ်။ မိထွေးတော်ကြီးဟာ သူ့အဒေါ်အရင်းဖြစ်သလို၊ မြတ်ဗုဒ္ဓရဲ့ အဒေါ်လည်းဖြစ်တော့ စူးစမ်းလိုစိတ်နဲ့ ညီတော်အာနန္ဒာက မေးတယ်။ "မိထွေးတော်ကြီး မျက်နှာက မကြည်မသာနဲ့ ဘာဖြစ်နေတာလဲ ပြောစမ်းပါ"လို့ မေးတော့ ...

"သားတော်ရယ် သားတော်တို့ မြတ်စွာဘုရားကို ဘိက္ခုနီသာသနာခွင့်ပြုတော်မူပါလို့ တောင်းပန်တာ ခွင့်မပြုလို့ အမေစိတ်မချမ်းသာဘူး။ ဒီတော့ သားတော်က အမေ့ဘက်က ကူပြီးတော့လျှောက်ထားတောင်းပန်ပေးပါ" လို့ အကူအညီတောင်းတော့၊ ဒီလိုဆိုရင် အကျွန်ုပ်လျှောက်ထားပေးပါမယ်၊ မယ်တော်ကြီး စိတ်ချမ်းသာစွာနေပါလို့ နှစ်သိမ့်ပြီး၊ ညီတော်အာနန္ဒာဟာ မြတ်စွာဘုရားထံ တိုက်ရိုက်သွားရောက်ပြီး လျှောက်ထားတောင်းပန်လိုက်ပါတယ်။

ဘိက္ခုနီသာသနာခွင့်ပြုခြင်း

အရှင်အာနန္ဒာ။ ။ မြတ်စွာဘုရား ဘိက္ခုနီပြု လုပ်ချင်လို့ဆိုပြီး၊ မိထွေးတော်ကြီး ရောက်နေပါတယ်။ ဘိက္ခုနီသာသနာကို မြတ်စွာဘုရား အနေနဲ့ ခွင့်ပြုလိုက်ပါဘုရား။

မြတ်ဗုဒ္ဓ ။ ။ အာနန္ဒာ မသင့်လျော်ပါဘူး၊ ဘိက္ခုနီသာသနာ ပေါ်လာမှုကို မမျှော်လင့်ပါနဲ့။

အရှင်အာနန္ဒာ။ ။ မြတ်စွာဘုရား အမျိုးသမီးများ ရဟန်းပြုပြီး တရားအားထုတ်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်ပါသလားဘုရား။

မြတ်ဗုဒ္ဓ ။ ။ ဒါတော့ ရနိုင်ပါတယ် အာနန္ဒာ၊ ငါဘုရား သာသနာတော်မှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ အတွက် အမျိုးသား၊ အမျိုးသမီးခွဲခြားမှု မရှိပါဘူး။

အရှင်အာနန္ဒာ ။ မြတ်စွာဘုရား ဒီလိုဆိုလျှင်တော့ အကျိုးရှိမယ့် ကိစ္စဖြစ်နေလျှင် မပယ်ပါနဲ့၊ ခွင့်ပြုတော်မူပါဘုရား။

အရှင်အာနန္ဒာ။ ။ မြတ်စွာဘုရား တပည့်တော်အား ဆက်လက်လျှောက်ထားခွင့်ပြုပါ။ မိဘတွေရဲ့ ကျေးဇူးများဟာ သားသမီးတွေရဲ့ အပေါ်မှာ ကြီးမားများပြားပါသလားဘုရား။

မြတ်ဗုဒ္ဓ ။ ။ အာနန္ဒာရယ်... မိဘကျေးဇူး ကြီးမားများပြားလွန်းလို့ ဆပ်လို့ မကုန်၊ ပြောလို့တောင် မကုန်နိုင်ပါဘူး။

အရှင်အာနန္ဒာ။ ။ ဒီလိုဆိုလျှင် မိထွေးတော်ကြီး ကျေးဇူးတရားတွေ မြတ်စွာဘုရားရဲ့အပေါ်မှာ အများကြီး ရှိပါလိမ့်မယ်ဘုရား။

မြတ်ဗုဒ္ဓ ။ ။ ရှိပြီလား အာနန္ဒာရယ်။ ငါဘုရားရဲ့ အမေက ငါဘုရားကို မွေးဖွားပြီးတော့ နတ်ရွာစံသွားတာ၊ မိထွေးတော်ကြီးရဲ့ ကျေးဇူးတရားတွေ ငါဘုရားအနေနဲ့ ဘယ်ကုန်နိုင်ပါ့မလဲ။ ဟု မိန့်တော်မူလိုက်တော့ အရှင်အာနန္ဒာဟာ သူလို ချင်တဲ့

အချက်ကို ရသွားပြီးဖြစ်လို့
အခွင့်အလမ်းသာလာတာနဲ့
တပြိုင်နက် ဆောင့်ကြောင့်ထိုင်၊
လက်အုပ်ကလေးချီပြီးတော့

"မြတ်စွာဘုရား ဤမျှလောက် ကျေးဇူး
ကြီးမားတဲ့ မိဏ္ဍေးတော်ကြီး စိတ်မဆင်းရဲပါစေနဲ့
ဘုရား။ ခွင့်ပြုလိုက်ပါဘုရား" လို့လျှောက်ထားလိုက်
တော့မှ မြတ်စွာဘုရားသည် ဘိက္ခုန်သာသနာကို
ခွင့်ပြုရခြင်းဖြစ်ပါတယ်။

ဂရုဓမ်တရားနဲ့ ဘောင်ခတ်ထားမယ်

ဒီတော့မှ မြတ်စွာဘုရားက-

"အာနန္ဒာ အင်မတန် လိမ္မာပါးနပ်ပြီး လုပ်
ရည် ကိုင်ရည်နဲ့ ပြည့်စုံတဲ့ လယ်သမားတစ်ယောက်
ဟာ၊ သူ့လယ်ထဲကရေတွေ အပြင်ကိုထွက်မသွား
အောင် ကန်သင်းဘောင်ခတ်သလို၊ ကန်သင်းဘောင်
ဆယ်သလို၊ ကန်ဘောင်ဖို့သလို၊ ငါဘုရားလည်း
ငါဘုရားရဲ့ သာသနာတော်ကို ကန်သင်းဘောင်
ဆယ်ခြင်း၊ ဘောင်ခတ်ခြင်းတည်း ဟူသော
ဂရုဓမ်တရားတွေနဲ့ ပညတ်ဘောင်ခတ်ထားမယ်"

ဝဿသတ မဘိက္ခုကံ၊ ပစ္စာသီသာ ပဝါရဏာ။
မာနတ္တုပသမ္ပဒေသာ၊ နက္ကောသော ဩဝဒ္ဓော ဂရု။

(၁) ဘိက္ခုနီသည် ဝါတစ်ရာပင် ရာပင်ရစေကာမူ ယနေ့ ရဟန်းခံတဲ့ ရဟန်းယောက်ျားကို ရှိခိုးရမယ်။

(၂) တစ်ယူဇနာမှာ ဆယ့်နှစ်မိုင်၊ ငါးဖာလုံ၊ ရှစ်သံကြိုးရှိခြင်းကြောင့် ဆယ့်သုံးမိုင်နီးနီးရှိတဲ့ တစ်ယူဇနာ၊ အဲဒီတစ်ယူဇနာရဲ့ တစ်ဝက်၊ ယူဇနာဝက်အတွင်းမှာ ရဟန်းယောက်ျား မရှိခဲ့သော် ဘိက္ခုနီတွေ နေခွင့်မရှိရဘူး။ (ဒုက္ခအရေးကြုံတော့ ရဟန်းယောက်ျားက ကူညီရမှာ၊ စောင့်ရှောက်ရမှာ ဖြစ်လို့ပါ)

(၃) တစ်လကိုနှစ်ကြိမ် လဆန်းပက္ခ၊ လဆုပ်ပက္ခ ဟူသော လပြည့်လကွယ်နေ့တွေမှာ ရဟန်း ယောက်ျားများထံ ဩဝါဒခံယူရမယ်။

(၄) ဝါကျွတ်ပြီးသည်နှင့် သံယာ(၂) ပါးဌ သုံးပါး သော အကြောင်းဖြင့် ပင့်ဖိတ်ရမယ်။

(၅) ပက္ခမာနတ်ကျင့်ရမယ်။

(၆) ရဟန်းခံတဲ့အခါ ဘိက္ခုနီမများဟာ နှစ်ကြိမ် ရဟန်းခံရမယ်။ ပထမတစ်ကြိမ် ဘိက္ခုနီတွေက ကမ္မဝါဖတ်၊ ဒုတိယတစ်ကြိမ် ရဟန်း

ဩဝါဒခံယူပွဲအထိမ်းအမှတ်

ယောက်ျားများက ကမ္မဝါဖတ် အဲဒီလို နှစ်ကြိမ် တိုင်တိုင် ကမ္မဝါဖတ်မှ အောင်မြင်ရမယ်။ (ဘိက္ခုနီမတွေနဲ့တင် ပြီးသွားတယ်ဆိုရင် မသင့်တော်လို့ဖြစ်ပါတယ်)

(၇) ရဟန်းယောက်ျားများကို ဘယ်သောအခါ၊ ဘယ်အကြောင်းနဲ့မျှ မဆဲရေးရဘူး။

(၈) ပြောစရာ၊ ဆိုစရာ၊ ဆုံးမစရာရှိရင် ရဟန်းယောက်ျားများကသာ ဘိက္ခုနီများကို ပြောဆိုဆုံးမရမယ်။ ဘိက္ခုနီမများက ရဟန်းများကို ပြန်လှန်ပြောဆို ဆုံးမခွင့်မရှိ၊ လို့ဘောင်ခတ်ပေးလိုက်ပါတယ်။ အဲဒါကို ဂရုမမ်ရှစ်ပါးလို့ ခေါ်ပါတယ်။

သာသနာတော်ရဲ့ အဦးဆုံးဘိက္ခုနီမကြီး

"အာနန္ဒာ... မိထွေးတော်ကြီးကို အဲဒီဂရုမမ်တရားရှစ်ပါးကို လိုက်နာနိုင်ရဲ့လား" လို့ မင်းသွားမေး လိုက်ပါဆိုတော့၊ ညီတော်အာနန္ဒာက ဝမ်းသာအားရနဲ့ သူ့အဒေါ်ဆီ သွားပါတယ်။

"မိထွေးတော်ကြီး မြတ်စွာဘုရားက ဂရုမမ်တရားရှစ်ပါးကို လိုက်နာနိုင်မယ်ဆိုရင် ဘိက္ခုနီသာသနာ ခွင့်ပြုတော့မယ်သဘောကို အမိန့်ရှိနေပြီ၊ မိထွေးတော်ကြီးက လက်ခံနိုင်ရဲ့လား"လို့ ညီတော်

အာနန္ဒာကမေးပါတယ်။

"သားတော်ရယ်..အမေလေ, ဂရုမမ်ရှစ်ပါး မက တစ်ရာကျော် အောင်လာပါစေ အမေအကုန် လုံး လိုက်နာနိုင်ပါတယ်" ညီတော်အာနန္ဒာလည်း ဝမ်းသာအားရစွာနဲ့ မြတ်စွာဘုရားထံ တစ်ဖန်ပြန် သွားပြီးတော့

"မြတ်စွာဘုရား...မိထွေးတော်ကြီးက ဂရုမမ်ရှစ်ပါးမပြောပါနဲ့၊ တစ်ရာကျော်နေပါစေ စည်းကမ်းတွေ၊ စည်းမျဉ်းတွေ အကုန်လုံး သူလိုက်နာ နိုင်ပါတယ်လို့ ပြောပါတယ်ဘုရား"

"အာနန္ဒာ... မိထွေးကြီးအဖို့တော့ ဂရုမမ် တရား ရှစ်ပါးကို လိုက်နာနိုင်ပါတယ်လို့ ဆိုလိုက် တာနဲ့ တစ်ပြိုင်နက် ဘိက္ခုနီဖြစ်သွားပြီ အာနန္ဒာ။ သူ့အဖို့ ကမ္မဝါဖတ်ပေးဖို့ မလိုတော့ဘူး" ဒါကို ဩဝါဒ ပဋိဂ္ဂဟဏရဟန်း (ဘိက္ခုနီ) လို့ခေါ်ပါတယ်။ ဒီလိုဖြစ်ခွင့်ရှိတဲ့ ဘိက္ခုနီ ဒီတစ်ပါးပဲရှိပါတယ်။ နောက်ခွင့်မပြုတော့ပါဘူး။ မိထွေးတော်ကြီး ဘိက္ခုနီ ဖြစ်သွားတော့ သူနောက်ကပါလာတဲ့ အမျိုးသမီးတွေ ကတော့ ကမ္မဝါဖတ်ပြီးအားလုံး ဘိက္ခုနီမတွေ ဖြစ်ကြ ရတယ်။ နောက်တော့ ဝိပဿနာတွေပွားများ လို့ ရဟန္တာမကြီးတွေ ဖြစ်သွားကြတယ်။

ဒီနေရာမှာ ဘိက္ခုနီသာသနာကို မြတ်စွာ

ဘုရားက ခွင့်မပြုတာလည်းမဟုတ်ဘူး။ နောက်ဆုံးတော့ ခွင့်ပြုတာပါပဲ။ ခွင့်ပြုရက်သားနဲ့ ခွင့်ပြုမယ့်ကိစ္စလည်းဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့မျှား စျေးကိုင်နေရသလဲ၊ လွယ်လွယ်နဲ့ ခွင့်ပြုလိုက်ပါလားလို့ ပြောစရာရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆက်လက်ရှင်းပြပါမယ်။

ဘာဖြစ်လို့ စျေးကိုင်ရသလဲဆိုတော့ အဖြကလွယ်လွယ်လေးပါ။ သူပညတ်လိုက်တဲ့ ဂရုဓမ်တရားတွေကို ပေါ့ပေါ့တန်တန်နဲ့ အလေးမထားမှာစိုးလို့။ လေးလေးပင်ပင်ဖြစ်အောင်၊ လေးစားအောင်၊ လေးနက်အောင် စျေးကိုင်နေတာ၊ လွယ်လွယ်နဲ့ ခွင့်မပြုတာဖြစ်ပါတယ်။

ဘိက္ခုနီသာသနာရှိသေးလား

စကားစပ်မိလို့ ပြောလိုက်ပါဦးမယ်။ အခုဘိက္ခုနီ သာသနာရှိသေးလားဆိုတဲ့ မေးခွန်းပေါ်လာနိုင်ပါတယ်။ သာသနာတော်နှစ် အနှစ်ငါးရာဝန်းကျင်လောက်က သီဟိုဠ်မှာ ဘိက္ခုနီသာသနာကွယ်သွားခဲ့ပါပြီ။

သို့သော် သထုံကျောက်စာတွေမှာတော့ “ဘိက္ခုနီ”ဆိုတဲ့ အသုံးအနှုန်းကို တွေ့နေရခြင်းကြောင့် သထုံသာသနာလောက်အထိ ဘိက္ခုနီရှိသေးတယ်လို့ ယူဆနိုင်ပါတယ်။ ဒါဆိုရင် သီဟိုဠ်သာသနာမှာတော့

သာသနာတော်နှစ်ငါးရာကျော်လောက်က ဘိက္ခုနီ သာသနာကွယ်သွားခဲ့ပါပြီ၊ သထုံမှာတော့ ခြောက်ရာ ကျော်လောက်အထိ ရှိနိုင်သေးတယ်။ အဲဒီနောက်တော့ အဆက်ပြတ်သွားတယ်။ ကွယ်သွားတယ်လို့ မှတ်ရမယ်။

တောင်ကိုရိုးယားမှာတော့ ခုထက်ထိ ဘိက္ခုနီ ရှိနေသေးတယ်လို့ကြားတယ်။ ဘုန်းကြီးကမ္ဘာအေးမှာ သာသနာရေးတာဝန်ကို ထမ်းဆောင်စဉ်တုန်းက ကိုးရိုးယားက သီလရှင်တွေနဲ့ တွေ့ခဲ့တယ်။ သူတို့ကို "သီလရှင်" လို့ခေါ်ရင် မကြိုက်ကြဘူး။ "သူတို့က သီလရှင်မဟုတ်ဘူး။ ဘိက္ခုနီတဲ့"။

"ဘိက္ခုနီတွေရဲ့ သိက္ခာပုဒ်ကိုရောသိလား။ သိက္ခပုဒ်တွေရောရှိလား" လို့ ဘုန်းကြီးကမေးတော့ "ရှိလည်းရှိတယ်။ သိလည်းသိတယ်" လို့ အဲဒီလို ပြန်ပြောတယ်။ ဟုတ်တာမဟုတ်တာ အပထား။ သူတို့အကြောင်း သူတို့ပဲသိကြမှာပေါ့။ ရဟန်းတော်များက ပါရာဇိက သိက္ခာပုဒ်လေးပါးပဲရှိတယ်။ ဘိက္ခုနီမများမှာတော့ ပါရာဇိက သိက္ခာပုဒ်ရှစ်ပါး ရှိပါတယ်။ အဲဒီရှစ်ပါးလုံး အပြည့်အစုံ လုံခြုံအောင် ထိန်းသိမ်းထားတယ်လို့ ပြောပါတယ်။

တကယ်မှန်တယ်ဆိုရင် သူတို့ဆီက ကူးယူရင် ဘိက္ခုနီသာသနာ ပြန်ပေါ်လာနိုင်တယ်။ အဲဒီလို

ဘိက္ခုနီသာသနာကူးလို့ မရနိုင်ဘူးဆိုရင် ပြုလုပ်နည်း တစ်မျိုးတော့ ရှိပါတယ်။

ဘိက္ခုနီသာသနာပြန်လည်ထူထောင်နည်း

တစ်ချို့လိင်ပြန်တဲ့ ရဟန်းယောက်ျားတွေ ရှိတတ်ပါတယ်။ ရှက်လို့သာမပြောဘဲ နေရင်သာနေမယ်။ ရှိတာတော့ရှိတတ်ပါတယ်။ သူတို့ရဲ့ ကံအားလျော်စွာ လဆန်းပက္ခမှာ ယောက်ျားဖြစ်ပြီး လဆုတ်ပက္ခမှာ အမျိုးသမီးဖြစ်တာတွေရှိပါတယ်။

ရဟန်းခံတုန်းကလည်း ပြည့်ပြည့်စုံစုံ အင်္ဂါငါးပါးညီလို့ ရဟန်းဖြစ်တာမှန်ရမယ်။ ပြီးတော့ ဝိပါကဝဋ်အားလျော်စွာ လဆန်းမှာ ယောက်ျား၊ လဆုတ်မှာ အမျိုးသမီးဖြစ်မယ်ဆိုရင် အမျိုးသမီးဖြစ်သွားတာနဲ့ တပြိုင်နက် အဲဒီရဟန်းယောက်ျားက အလိုလို ဘိက္ခုနီဖြစ်သွားတယ်။ သိက္ခာလည်းမကျ၊ ဥပဇ္ဈာယ်လည်းမငြိမ်း၊ ဝါလည်း မကျိုး၊ မပြတ်ဘူးလို့ ဗဟုသုတအဖြစ် မှတ်ထားပေါ့။

လိင်ပြန်တတ်တဲ့ အမျိုးသား ရဟန်းငါးပါး လောက်ရှာ၊ အမျိုးသမီးလိင်ပြောင်းသွားလို့ အလိုလို ဘိက္ခုနီဖြစ်တဲ့အခါ အမျိုးသမီးကို သင်္ကန်းဝတ်ပြီး၊ ဘိက္ခုနီတွေကို ကမ္မဝါဖတ်ခိုင်းပြီးတော့ ရဟန်းယောက်ျားထံမှာ ထပ်ပြီးကမ္မဝါဖတ်၊ ဘိက္ခုနီ

ဝတ်ပြီဆိုရင် ကမ္မဝါန္နစ်ခါဖတ်ရတယ်။

ရဟန်းတော်တွေဘက်က တစ်ခါဖတ်၊

ရဟန်းမိန်းမတွေဘက်က တစ်ခါဖတ်ပေါ့။

အခုရဟန်းမိန်းမတွေဘက်က ကမ္မဝါဖတ်ပေးဘို့ရန် မရှိလို့၊ ဖြစ်နိုင်တာကို ကြံဖန်ပြီး ပြောတာပါ။ အထက်ကပြောခဲ့သလို အချိန်ကိုက်ကြိုးစားရင် ဘိက္ခုနီသာသနာ ပြန်ပေါ်လာနိုင်ပါတယ်။ မြတ်စွာဘုရားက ဘိက္ခုနီသာသနာ ဘယ်နှစ်နှစ်သာ ထားမယ်လို့ မပါပါဘူး။

ပဋိသမ္ဘိဒါပဏ္ဏ ရဟန္တာဒေတ် ဟူသည်

မြတ်ဗုဒ္ဓက ဘိက္ခုနီသာသနာ ခွင့်ပြုပြီးဆက်၍ အမိန့်ရှိပြန်တယ်။

"အာနန္ဒာ အကယ်၍သာ ငါဘုရားသာသနာတော်မှာ အမျိုးသမီးတွေကို ဘိက္ခုနီအဖြစ် လက်မခံဘူးဆိုရင် သူတော်ကောင်းတရားဟာ အနှစ်တစ်ထောင်ရှည်လိမ့်မယ်။ အခု အမျိုးသမီးများကို ဘိက္ခုနီအဖြစ် လက်ခံလိုက်တဲ့အတွက်ကြောင့် အနှစ်ငါးရာပဲရှည်တော့မယ်"။

ပဋ္ဌေဝ ဒါနိ ဝဿသတာနိ သဒ္ဓမ္မော ဌဿတိ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဒါနိ ဣဒါနိ၊ ယခု အခါမှာတော့။

သဒ္ဓမ္မော၊ သူတော်ကောင်းတရားဟူသော ငါဘုရားသာသနာတော်ကြီးသည်။ ပဌော ဝဿသတာနံ၊ အနှစ်ငါးရာတို့ကာလပတ်လုံးသာလျှင်။ ဌဿတိ၊ တည်နိုင်ပါတော့လတ္တံ့။

အမျိုးသမီးတွေကို သာသနာတော်မှာ ဘိက္ခုနီအဖြစ်လက်ခံရင် အနှစ်ငါးရာ၊ လက်မခံရင်တော့ အနှစ်တစ်ထောင်။ ပဋိသမ္ဘိဒါပတ္တရဟန္တောခေတ်ဆိုတာ အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာရဟန္တာအရှင်မြတ်ကြီးတို့လို၊ သီလ၊ သမာဓိ၊ ပညာ၊ စျာန်၊ အဘိညာဏ်စသော အဖက်ဖက်က ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်မျိုးရှိတဲ့ သာသနာကိုခေါ်တာဖြစ်တယ်။ နက်နဲတဲ့စကား ဖြစ်နေလေတော့ သေသေချာချာ မှတ်သားထားဖို့တော့ လိုအပ်ပါတယ်။

ဒါပေမယ့် အင်မတန်ပါးနပ်တဲ့ လယ်သမား တစ်ယောက်ဟာ သူ့လယ်ကွက်ထဲကရေတွေ ဘေးထွက်မသွားအောင် ကန်သင်းဘောင်ဆယ်သလို ငါဘုရားသည် ဘောင်ခတ်လိုက်ပြီ အာနန္ဒာ။

ဘယ်လိုဘောင်ခတ်လိုက်သလဲဆိုရင်-

ဂရုဓမ်တရားရှစ်ပါးနဲ့ ဘောင်ခတ်လိုက်တယ်။ စည်းမျဉ်းဥပဒေတွေနဲ့ ဘောင်ခတ်ပညတ် လိုက်ခြင်းကြောင့် ငါဘုရားရဲ့ သာသနာ အနှစ် တစ်ထောင်ခံလိမ့်မယ်ဆိုတာ ယခုလက်ရှိ ရှိနေတဲ့ ရိုးရိုးသာသနာ

ကို ပြောတာမဟုတ်ပါဘူး။

သာသနာတော်နှစ် ဘယ်လောက်ခံမလဲ

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး မလျှာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံတယ်ဆိုတာ အားလုံး သိကြပါတယ်။ ဘုရားပရိနိဗ္ဗာန်စံခါနီး သုဘဒ္ဒပရိဗိုဇ်ကြီး အပြေးအလွှားနဲ့ ရောက်လာတယ်။ အရဏ်တက်ချိန်မှာ မြတ်ဘုရား ပရိနိဗ္ဗာန်စံတော့မယ်ဆိုလို့ ညီတော်အာနန္ဒာ ငိုနေရှာတယ်။

သုဘဒ္ဒပရိဗိုဇ်ကြီးက "အရှင်ဘုရား မြတ်စွာဘုရားကို လျှောက်ထားစရာရှိလို့ ဖူးမျှော်ခွင့်ပေးပါဘုရား"လို့ လျှောက်တယ်။

"ဟာ.. ဒီပရိဗိုဇ်ကြီး လာရှုပ်နေပြန်ပြီ။ မြတ်စွာဘုရားမောနေပါတယ်ဆိုမှ လာမရှုပ်နဲ့"လို့ အရှင်အာနန္ဒာက အော်ထုတ်လိုက်ပါတယ်။

မြတ်စွာဘုရားကြားသွားတော့-"အာနန္ဒာ ဘာတွေဖြစ်နေတာလဲ" လို့မေးတယ်။

"မြတ်စွာဘုရား သုဘဒ္ဒပရိဗိုဇ်ကြီး လာရှုပ်နေလို့ပါဘုရား"

"မရှုပ်ပါဘူး အာနန္ဒာရယ်။ ငါဘုရားဆီကိုသာလွှတ်လိုက်ပါ။ သူသိချင်တဲ့ အကြောင်းအရာတွေမေးချင်လို့လာတာပါ။" လို့မိန့်တော်မူပါတယ်။

နောက်ဆုံးဖြစ်မယ့်သာဝကမှန်း သိလေတော့ ခွင့်ပြုလိုက်ပါတယ်။ ခွင့်လည်းရရော မြတ်ဗုဒ္ဓအား အားရဝမ်းသာစွာနဲ့ သိသင့်သိထိုက်တဲ့ ပြဿနာတွေကို လျှောက်တာပါပဲ။ သုဘဒ္ဒပရိဗိုဇ်ကြီးလျှောက်တဲ့ မေးခွန်းထဲ ဒီနေရာမှာ ပြောရမယ့် မေးခွန်းတစ်ခုပါလာတယ်။

"မြတ်စွာဘုရား . . . မြတ်စွာဘုရား တည်ထောင်တဲ့ သာသနာတော်မြတ်ကြီး နှစ်ပေါင်း ဘယ်လောက်ခံမလဲ ဘုရား" ဆိုတော့ ဘုရားရှင်က-

ဣဓမေစ သုဘဒ္ဒ၊ ဘိက္ခု။ သမ္မာဝိဟရယ္ဈု။
အသုညော လောကော၊ အရဟန္တေဟိ အဿ။
သုဘဒ္ဒ၊ခ္ဝစ်သားသုဒ္ဒ။ ဘိက္ခု။၎ငါဘုရား၏ တပည့်သားဖြစ်တဲ့ ရဟန်းတို့သည်။ သမ္မာ၊ကောင်းစွာ။ ဝိဟရေယ္ဈု။နေကြပါကုန်မူကား။ လောကော၊ ဒီလောကကြီးသည်။ အရဟန္တေဟိ၊ရဟန္တာတို့မှ။ အသုညော၊မဆိတ်သုဉ်းသည်။ အဿ၊ဖြစ်ရာ၏။

လို့မိန့်တော်မူပါတယ်။

"ခ္ဝစ်သား သုဘဒ္ဒ . . . ၎ငါတပည့်ရဟန်းတော်တွေ အနေအထိုင် ကောင်းနေသမျှကာလပတ်လုံး ၎ငါဘုရားရှင်ရဲ့ သာသနာဟာ ဘယ်တော့မှ မကွယ်ဘူး၊ ရဟန္တာ ဘယ်တော့မှ မဆိတ်သုဉ်းဘူး" ဟု မိန့်တော်မူလိုက်ပါတယ်။

နောက်ဆုံးမိန့်မှာတော်မူတဲ့ စကားတစ်ခွန်း။ ဂရုဓမ်တရားတွေနဲ့. ဘောင်ခတ်ချင်လို့။ ဒီလိုမှ ဘောင်ခတ်မထားရင် အမျိုးသားဖြစ်တဲ့ ရဟန်းယောကျ်ားတွေနဲ့. အမျိုးသမီးဖြစ်တဲ့ ရဟန်းမတွေ ရောရောနှောနှော ဖြစ်နေရင် သာသနာပျက်စီးသွားပါလိမ့်မယ်။

ဘောင်ခတ်မထားရင် ဘယ်သူကို ဘယ်သူက ရိုသေရမှာလဲ။ ရဟန်းယောကျ်ားက ရဟန်းမကို ရှိခိုးရမှာလား။ ရဟန်းမက ရဟန်း ယောကျ်ားကို ရှိခိုးရမှာလား စသည်ဖြင့် ရှုပ်ထွေး သွားနိုင်တယ်။ ပြဿနာတွေ ရှင်းမနိုင်ဖြစ်မှာစိုးလို့။ ဒါတွေကို ကြိုတင်သိတော်မူခဲ့တဲ့ မြတ်ဘုရားက ကြိုတင်ပြီး ဘောင်ခတ်လိုက်တာဖြစ်ပါတယ်။

မိလိန္ဒမင်းကြီးမေးတဲ့ပြဿနာ

ဒီနေရာမှာ မိလိန္ဒမင်းနဲ့. အရှင်နာဂသိန်တို့.ရဲ့ အမေးအဖြေဟာ သဘောပေါက်လွယ်တာမို့. ထည့်ပြောလိုက်ပါဦးမယ်။ သာသနာတော် နှစ်ငါးရာ၊ ခရစ်သက္ကရာဇ် အနှစ်တစ်ရာလောက်က၊ ယောနကတိုင်းရဲ့ သာဂလနေပြည်တော်မှာ မိလိန္ဒဆိုတဲ့ ဘုရင်တစ်ပါးပေါ်ခဲ့သလို၊ သူနဲ့.ပြဿနာတွေ ဆွေးနွေးဖို့. ရဟန္တာ အရှင်မြတ်ကြီးဖြစ်တဲ့ အရှင်နာဂဆေနလည်း

ပေါ်လာခဲ့ပါတယ်။

သူတို့ရဲ့ အထူးပြုတိုက်ခြေခံအကြောင်းအရာတွေ ထည့်မပြောတော့ပါဘူး။ တစ်နေ့တော့ ရဟန္တာအရှင်မြတ်ကြီးနဲ့ မိလိန္ဒရှင်ဘုရင်တို့ တွေ့ကြတဲ့အခါ မိလိန္ဒရှင်ဘုရင်က ပြဿနာပေါင်းများစွာကို လန့်ခ်ီပြီး မေးပါတယ်။ မေးတိုင်းမေးတိုင်းသော ပြဿနာတွေကို အရှင်မြတ်ကြီးက အကုန်ဖြေတော်မူပါတယ်။ **မိလိန္ဒပဉ္ဉာပါဠိတော်**ဆိုပြီး ပါဠိတော်တစ်အုပ်ရှိပါတယ်။

မေးခွန်းပေါင်းများစွာထဲမှာ သာသနာတော်နှစ်ငါးထောင်နဲ့ ပတ်သက်တဲ့ မေးခွန်းပါလာတယ်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘိက္ခုနီသာသနာ ခွင့်ပြုစဉ်တုန်းက အာနန္ဒာ ငါဘုရား သာသနာတော်ထဲမှာ အမျိုးသမီးတွေကို ဘိက္ခုနီအဖြစ် ဝင်ခွင့်ပြုလိုက်တဲ့အတွက်ကြောင့် သဒ္ဓမ္မခေါ်တဲ့ သူတော်ကောင်းတရားဟာ အနှစ်ငါးရာပဲခံလိမ့်မယ်" ဒါက ပထမစကားတစ်ခွန်း။

ပရိနိဗ္ဗာန်စံကားနီးတုန်းက သုဘဒ္ဒပရိဗိုဇ်ကို ပြောလိုက်တဲ့စကားက-

"ငါတပည့်သားရဟန်းတွေ အနေအထိုင်ကောင်း နေသမျှ ကာလပတ်လုံး၊ ငါဘုရားရှင်ရဲ့

သာသနာဘယ်တော့မှမကွယ်ဘူး။ ဘယ်တော့မှ ရဟန္တာမဆိတ်သုဉ်းဘူး”

ဒါက ဒုတိယစကားတစ်ခွန်း။

မိလိန္ဒဘုရင်ကြီးက စကားကလဲတတ်၊ ကော်တတ်၊ ကပ်တတ်တဲ့ ဘုရင်တစ်ပါးပဲ။

“အရှင်ဘုရား စကားနှစ်ခွန်းမှာ ‘နှစ်ငါးရာတည်မယ်’ ဆိုတဲ့ ပထမစကားတော်လည်း မြတ်စွာဘုရားဟောတာ၊ ‘အနေကောင်းနေသမျှ ငါဘုရား သာသနာမကွယ်ဘူး’ ဆိုတဲ့ ဒုတိယစကားလည်း ဘုရားကိုယ်တိုင် ဟောတာဖြစ်ပါတယ်ဘုရား”

“ဒီစကားနှစ်ခွန်းဟာ အရှေ့သွားတဲ့လူနဲ့ အနောက်သွားတဲ့လူလို၊ ကြာလေဝေးလေဖြစ်ပြီး ဆန့်ကျင်ဘက် ဖြစ်နေပါတယ်ဘုရား။ မဆန့်ကျင်အောင်ဖြေဖို့ဆိုတာ အရှင်ဘုရားအပေါ် ကျရောက်လို့ လာပါပြီဘုရား။ အရှင်ဘုရား ဖြေတော်မူပါဘုရား။” လို့ မိလိန္ဒရှင်ဘုရင်ကြီးက မေးလျှောက်လိုက်ပါတယ်။

အရှင်နာဂသိန် အသုံးအဖြတ်

ရဟန္တာအရှင်မြတ်ကြီး အရှင်နာဂသေနရဲ့ ဖြေပုံကိုကြည့်ပါ။ အရှင်မင်းကြီး သဒ္ဓမ္မလို့ခေါ်တဲ့

သူတော်ကောင်းတရားဟာ ဘိက္ခုနီသာသနာ ခွင့်မပြုရင် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်မှာ နှစ်တစ်ထောင်၊ ခွင့်ပြုခဲ့ရင် နှစ်ငါးရာဆိုတာ မှန်ပါတယ်။

ဒါပေမယ့် အမျိုးသမီးတွေကို ဘောင်ခတ်ပြီး ဘိက္ခုနီသာသနာ ခွင့်ပြုခဲ့တယ်ဆိုတော့ သာသနာ နှစ်ငါးရာမကဘူး။ နှစ်တစ်ထောင်ရှည်လိမ့်မယ်။ အရှင်မင်းကြီးလို့ ပြန်လည်ဖြေကြားတော်မူပါတယ်။

"ဒကာတော်-ပထမစကားက သာသနာနှစ်ကို ပြောတာဖြစ်ပြီး၊ ပရိနိဗ္ဗာန်စံကာနီးလေးမှာပြောတဲ့ ဒုတိယစကားက ပဋိပတ်အစွမ်းကို ပြောတာဖြစ်တယ်။ အဲဒီလိုမှတ်ပါ ဒကာတော်မင်းကြီး။"

သာသနာ ငါးထောင်ဆိုတာ ခန့်မှန်းချက်ပါ

သာသနာနှစ်ငါးရာ၊ တစ်ထောင်သာခံမယ်ဆိုတဲ့ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်လည်း အခု မရှိတော့ပါဘူး။ အဲဒါရဟန္တာအရှင်မြတ်ကြီးရဲ့ အယူအဆဖြစ်သလို အဋ္ဌကထာဆရာကြီးများရဲ့ အယူအဆလည်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဋ္ဌကထာဆရာကြီးတွေလည်း ရဟန္တာအဖြစ်ရှိကြလို့ပါပဲ။

အဋ္ဌကထာဆရာကြီးများ စဉ်းစားတာက-

ပဋိသမ္ဘိဒါပတ္တာရဟန္တာခေတ်ဆိုတဲ့ အကောင်း ဆုံးထိပ်တန်း ရဟန္တာကြီးတွေရဲ့ ခေတ်ကတစ် ထောင်ဆိုရင်၊ ဆဋဘိညာ ရဟန္တာခေတ်က တစ် ထောင်၊ တေဝိဇ္ဇာပတ္တာ ရဟန္တာခေတ်က တစ်ထောင်၊ ပါတိမောက္ခသံဝရသီလ ခေတ်ကတစ်ထောင် စသည် ဖြင့် ပွားလိုက်တဲ့ နှစ်ငါးထောင်ဟာ အဋ္ဌကထာ ဆရာကြီးတွေရဲ့ အယူအဆပါ။ ဒါကဒီယနိကာယ် အဋ္ဌကထာမှာ တွက်ပြထားတာဖြစ်ပါတယ်။

ဝိနည်းအဋ္ဌကထာနဲ့ အင်္ဂုတ္တိုရ် အဋ္ဌကထာ များမှာတော့

(၁) ပဋိသမ္ဘိဒါပတ္တာ ရဟန္တာခေတ် တစ် ထောင်၊

(၂) သုက္ခဝိပဿက ရဟန္တာခေတ် တစ် ထောင်

(၃) အနာဂါမ်ခေတ် တစ်ထောင်၊

(၄) သကဒါဂါမ်ခေတ် တစ်ထောင်၊

(၅) သောတာပန်ခေတ် တစ်ထောင်

စသည်ဖြင့် ဒီလိုတွက်ပြတယ်။ ဘုရားဟောတာ မ ဟုတ်ပါဘူး။အဋ္ဌကထာဆရာကြီးတွေရဲ့တွက်ကိန်း သာဖြစ်ပါတယ်။ သာသနာတော်ကြီး ငါးထောင် လောက်တော့ တည်နိုင်တယ်လို့ အဋ္ဌကထာဆရာ ကြီးတွေကခန့်မှန်းတာပါ။

သြဝါဒခံယူပွဲအထိမ်းအမှတ်

ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်တစ်ထောင်ကို ကြည့်ပြီးတော့ ခန့်မှန်းလိုက်တာသာ ဖြစ်ပါတယ်။

သာသနာ ဘယ်ကာမှ မကွယ်ပါဘူး

ဒုတိယမြောက် အမိန့်ရှိတဲ့စကားက ပဋိပတ်စွမ်းအင်ကို ပြောတာဖြစ်တယ်။

ပဋိပတ်စွမ်းအင်ဆိုတာ-

ရဟန်းတော်တွေ၊ လူပုဂ္ဂိုလ်တွေ ရှင်တော်ဘုရား ချမှတ်ထားတဲ့ အမိန့်ဩဝါဒအတိုင်း နေသမျှကာလ ပတ်လုံး၊တစ်နည်းပြောရရင်

ရဟန်းကလည်း ရဟန်းကျင့်ဝတ်၊

သာမဏေကလည်း သာမဏေကျင့်ဝတ်၊

သီလရှင်ကလည်း သီလရှင်ကျင့်ဝတ်၊

လူကလည်း လူကျင့်ဝတ်။

သတ်မှတ်ထားတဲ့ ကိုယ့်ကျင့်ဝတ်ကို ကိုယ် ထိန်းသိမ်းစောင့်ရှောက်ပြီး အနေကောင်းနေသမျှ ကာလပတ်လုံးငါဘုရားသာသနာဘယ်တော့မှ မကွယ်စေရဘူးလို့ပြောတာ။

ဘုရားကို အားနာဖို့ကောင်းလိုက်တာ

ဒီသာသနာတော်ကြီးကို ထူထောင်တဲ့ ဗုဒ္ဓရှင်တော်မြတ်သည် သာသနာတော်ကြီး ထူထောင်နိုင်အောင်ဘယ်လောက်ကြိုးစားလာရသလဲဆိုရင်

လေးအသခ်ေ့နဲ့ ကမ္ဘာတစ်သိန်းပါ၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ တစ်ဘဝ စသည်ကြိုးစားလို့ရတဲ့ သာသနာမဟတ်ပါဘူး။

လေးအသခ်ေ့နဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်မှ သဗ္ဗညုတဉာဏ်တော်ကြီးရတဲ့ ဗုဒ္ဓရှင်တော်မြတ်ထူထောင်ခဲ့တဲ့ သာသနာတော်မြတ်ကြီးပါ။

ပါရမီများစွာ ဖြည့်ကျင့်ပြီးမှ အထွဋ်အထိပ်ကို ရောက်လာရလာတဲ့ ရှင်တော်ဘုရားရဲ့ ကြိုးစားမှုကို ငါးထောင်တည်မယ်။ နှစ်ငါးထောင်ပဲ ရှည်မယ်လို့ ပြောတာ ဘုရားကို အားနာဖို့ ကောင်းပါတယ်။ အသခ်ေ့ တွေနဲ့ခ်ျပြီးကြိုးစားပြီးမှ ထူထောင်ရတဲ့ သာသနာတော်ကြီးကို ငါးထောင်ထဲသတ်မှတ်တာ မတော်ပါဘူး။ မသင့်လျော်ပါဘူး။ ဒါဖြင့်ငါးထောင်ငါးထောင်ဆိုတာ ဘယ်လိုသဘောလဲဆိုရင်-

အဋ္ဌကထာဆရာတွေခန့်မှန်းတာ၊ ပဋိသန္ဓေ ဒါပတ္တ ရဟန္တာ ခေတ်တစ်ထောင်ကို နည်းမှီပြီး ခန့်မှန်းကြတာပါ။ ဘုရားဟော မဟုတ်ပါဘူး။

ဘုရားမျက်နှာတော်ကို ငဲ့ကြည့်ပါဦး

အရှင်ဘုရား အဋ္ဌကထာဆိုတာကလည်း သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒီအရှင်မြတ်ကြီးတွေ့ရဲ့ ခန့်မှန်းချက်ကရော မမှန်နိုင်ဘူးလား လို့ မေးစရာရှိပါတယ်။

မှန်နိုင်ပါတယ်။ အခုခေတ် ရဟန်းသာမဏေတွေ ပြုမူနေထိုင်ပုံ၊ ဒကာ ဒကာမတွေရဲ့ ခံယူချက် ရဟန်းတော်တွေရဲ့ ခံယူချက်တွေနဲ့ ကြည့်လိုက်မယ်ဆိုရင် အတော်ရင်လေးစရာပါဘဲ။ ငါးထောင်တောင်ခံမှခံပါ့မလားလို့ တွေးမိတာဘဲ။

အခုခေတ် ဗုဒ္ဓဘာသာလို့ခေါ်တဲ့ လူတွေရဲ့ အတွေးအခေါ် ခံယူချက်တွေ ဖောက်ပြန်မှု၊ ရဟန်းတော်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ ဆောင်ရွက်ချက်၊ ချုတ်ယွင်းမှုတွေနဲ့ ပေါင်းစပ်ကြည့်လိုက်ရင်-

အဋ္ဌကထာဆရာကြီးတွေပြောတဲ့ ငါးထောင်ဆိုတာမှန်နိုင်ပါတယ်။ မမှန်အောင်၊ တည်တံ့အောင် ဆိုရင် ရဟန်းတော်တွေ၊ သာမဏေ တွေ၊ သီလရှင်တွေ၊ လူပုဂ္ဂိုလ်တွေ အနေအထိုင်ကောင်းနေသမျှ ဘယ်တော့မှ တို့သာသနာမကွယ်တော့ဘူးလို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်ပါ။

ဒီလိုဆိုရင် "ဒကာ ဒကာမတွေဘက်က သံယာကို ကိုးကွယ်တဲ့နေရာမှာ ဗုဒ္ဓမျက်နှာတော်ကို ငဲ့ကြည့်ပါဦး" လို့ဆိုလိုက်ပါရစေ။ အချိန်ပေါင်းများစွာကြိုးစားထားရတဲ့ သာသနာတော်ကြီး မြန်မြန်ကွယ်သွားလို့ မလျှော်ပါဘူး။

မကွယ်အောင်ဆိုတာကလည်း ဗုဒ္ဓအလိုကျနေထိုင် နေနိုင်ရမယ်။ နေထိုင်နိုင်မှ တည်တံ့လိမ့်မယ်

လို့မှတ်လိုက်ပါ။

သာသနာ့အပင်ကြီး ကျိုးပေါင်းတက်နေပြီ

သစ်ပင်တစ်ပင်မှာ ကျိုးပေါင်းတက်တယ်ဆို တာ ကြားဖူး၊မြင်ဖူး၊ တွေ့ဖူးကြပါလိမ့်မယ်။ ကျိုးပေါင်း တက်တော့ကျိုးပေါင်းဆိုတဲ့ အပင်က စိမ်းနေတယ်။ ဘာကြောင့်လဲဆိုတော့ မူရင်းအပင်က အဆီ၊ အစေး တွေကို စုတ်ယူထားလို့ဖြစ်ပါတယ်။

ကျိုးပေါင်းအတက်ခံရတဲ့ အပင်က ကြာကြာ မခံဘူး၊ သစ်ခြောက်ပင်ဖြစ်သွားပါတယ်။ မူရင်း အပင် သစ်ခြောက်ပင်ဖြစ်သွားတော့ ကျိုးပေါင်း ဆိုတဲ့အပင်လည်းသစ်ခြောက်ပင် ဖြစ်သွားတာပါဘဲ။

ဆိုလိုတာက ဓါတ်ရိုက်၊ ဓါတ်ဆင်၊ ဗေဒင်၊ ဘိုးတော်ဆိုတာတွေဟာ ရဟန်းနဲ့မအပ်စပ်တာတွေ ပါ။ရဟန်းနဲ့အပ်စပ်တာက စာသင်၊စာချလုပ်၊ (ဂန္ထဓုရ)သိက္ခာပုဒ်လုံခြုံအောင်ထိမ်း(ဝိပဿနာဓုရ) ရဟန်းတော်တွေ ပြုလုပ်ရမှာက ဒီတာဝန်နှစ်ခုပဲရှိ တယ်။ ဒီနှစ်ခုက လွတ်ထွက်သွားရင် လူမှုဝန်ထမ်း ဖြစ်သွားပြီ၊ သာသနာ့ ဝန်ထမ်းမဟုတ်တော့ပါဘူး။

လူမှု ဝန်ထမ်းလား။ သာသနာ့ ဝန်ထမ်းလား

မိမိတို့ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်း တော်တွေဟာ သာသနာ့ဝန်းထမ်းလား။ လူမှု ဝန်ထမ်းလား ဆိုတာကို သုံးသပ်ကြည့်ကြပါ။

ထမ်းနေတာက လူမှုဝန်ထမ်း၊ ပြောတော့ သာသနာ့ ဝန်ထမ်းဆိုရင် ဘုရားကို အားမနာရာ ရောက်ပါတယ်။ အင်းအိုင်၊ ခါးလှဲ့၊ ဓါတ်ရိုက်၊ ဓါတ်ဆင်၊ ဗေဒင်၊ ဘိုးတော်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သက်နှံးဝတ်ပြီး လူမှုဝန်ထမ်းပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဪာ ဖြစ်ပါတယ်။

ဘုန်းကြီးတစ်ပါးပြောတာနဲ့ သာမန်လူတစ်ယောက်ပြောတာမတူပါဘူး။ ဘုန်းကြီးတွေရဲ့စကား ဆိုရင်ဟုတ်တာမဟုတ်တာ အပထား။ အတိတ်ကောက်ရတာနဲ့ နိမိတ်ကောက်ရတာနဲ့ဆိုတော့ လှုကြတန်းကြတော့အဆင်ပြေနေတာပေါ့။ သက်နှံးအရှိန်ကြောင့် အဆင်ပြေတာပါ။ အဲဒါမျိုးတွေဟာ သာသနာ့ သစ်ပင်ကြီး ကျိုးပေါင်းတက်နေတာ လို့မှတ်လိုက်ပါ။

ကျိုးပေါင်းဆိုတဲ့ အပင်က သူ့မိုရာ အပင်ရဲ့ အဆီ၊ အစေးတွေကို စုပ်ယူသလို သာသနာ့ဝန်ထမ်း အမည်ခံပြီး လူမှုဝန်ထမ်းကြတဲ့ ရဟန်းတော်တွေက လည်း သာသနာတော်ကြောင့် ရရှိတဲ့ အခွင့်အရေး တွေကို စုပ်ယူနေကြပါတယ်။

သာသနာ့သစ်ပင်ကြီး အစစ်လား၊ ကျိုးပေါင်း တက်တာလား ဆိုတာကို မြင်ကြစေချင်ပါတယ်။

စတုတ္ထအကြိမ်

ဘယ်နေရာမျိုးမဆို ကြည်ညိုတတ်ကြပါစေ။ အကြည်ညိုမတတ်လို့ တဏှာက သဒ္ဓါယောင်ဆောင်နေရင်အကြည် ညိုခံတဲ့ဘက်ကလည်း -

"နတ်ရူးဘုံမြောက်၊ ခြေထောက်၍က"ကြသလိုသာသနာဝန်မထမ်းဘဲ လူမှုဝန်ထမ်းကြမယ်ဆိုရင် သာသနာတော်ကြီး ငါးထောင်တောင် ခံလိမ့်မယ် မထင်ဘူး။

မြတ်ဘုရားအမိန့်ရှိတဲ့ စကားကလည်းရှင်းပါတယ်။

"ငါတပည့်သားရဟန်းတွေ အနေကောင်းသမျှ သာသနာမကွယ်ဘူး။ ဘယ်တော့မှ ရဟန္တာမဆိပ်သုဉ်းသုံးဘူး"ဆိုတော့ အနေအထိုင်မကောင်းရင်ဆိပ်သုဉ်းမယ်။ ကွယ်မယ်ဆိုတဲ့ သဘောပါဘဲ။ အနေအထိုင် ကောင်းဖို့ဆိုတာ ရဟန်းတော်တွေချည်းပဲ အပြစ်ပြော လို့ မဖြစ်ပါဘူး။ မြောက်ပေးတဲ့ ဒကာ ဒကာမတွေဘက်ကလည်း လိုပါတယ်။ ဗေဒင်၊ ဘိုးတော်၊ ဓါတ်ရိုက်၊ ဓါတ်ဆင်လုပ်နေတဲ့ ကိုယ်တော်တွေကို ချီးမြှောက် ထောက်ပံ့ပြီး အမွမ်းတင်နေကြရင်ထိုကိုယ်တော်ကလည်းဟုတ်လှပြီထင်ပြီး "နတ်ရူးဘုံမြောက်" သလိုဖြစ်သွားမှာပဲ။

ဂိုဏ်းဆရာကြီးတွေ၊ဓါတ်ရိုက် ဓါတ်ဆင်ဆရာ

ကြီးတွေကို ရဟန္တာလို ကိုးကွယ်နေကြရင် မြောက်သွားမှာ အမှန်ပါဘဲ။ သူကမြောက်သွားတော့ ကျန်တဲ့ ပုဂ္ဂိုလ်တွေက အတုယူပြီး တစ်ပါးက တစ်ရာ၊ တစ်ရာက တစ်ထောင်ဖြစ်လာပြီး သာသနာကွယ်သွားပါလိမ့်မယ်။

စေတီတွေများပြားလို. ရွှေဝါရောင်မြေလို. သတ်မှတ်ခံရတဲ့ အာဖဂန်နစ္စတန်နိုင်ငံမှာ သာသနာကွယ်ခဲ့တာ၊ အိန္ဒိယပြည်ကြီးမှာ သာသနာကွယ်တာတွေဟာ ရဟန်း တော်တွေ အနေအမှန်လို. ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ လူမှု.ဝန်ထမ်းအလုပ်တွေလုပ်နေကြလို. မြောက်ပင့်ပေးတဲ့ ဒကာ၊ ဒကာမတွေ ဘက်ကလည်း နတ်ရူးဘုံနဲ့.မြောက် ကြလို. သာသနာကွယ်တာပါ။

ကိုယ့်အလုပ် ကိုယ်လုပ်ရင်
သာသနာ မကွယ်ပါဘူး

သာသနာငါးထောင်ပြဿနာရှင်းတမ်း နိဂုံးချုပ်ပါတော့မယ်။ သာသနာငါးထောင်ဆိုတာ ဘုရားဟောမဟုတ် အဋ္ဌကထာဆရာများရဲ့ ခန်းမှန်းချက်လို့မှတ်ပါ။ ဘုရားဟောအရ -

ရဟန်းသိက္ခာ၊ သာမဏေသိက္ခာနဲ့ ညီအောင် အနေအထိုင်ကောင်းနေသမျှ ဘယ်တော့မှ မကွယ်ဘူးလို့ဆုံးဖြတ်လိုက်ပါ။ သာသနာငါး ထောင်ဆိုတဲ့

စကား ယနေ့က အစပြုပြီး မသုံးပါနဲ့။ ဖြုတ်လိုက်ကြစေချင်ပါတယ်။

ဗုဒ္ဓသာသနာတော်ကို ဆရာဒကာ လက်တွဲညီညာပြုစုပျိုးထောင်သွားကြရင် နှစ်ပေါင်းမရေတွက်နိုင်လောက်အောင်ဘယ်တော့မှ မကွယ်တော့ဘူးဆိုတာယုံပါ။

တစ်ချို့က သီချင်းတွေထဲမှာ ထည့်ဆိုနေကြပါပြီ။ သာသနာတော်ကိစ္စကို ပေါ့ပေါ့မမှတ်ကြပါနဲ့. သီချင်းထဲမှာ "နှစ်ထောင်ငါးရာတစ်ဝက်တို့ ငါးထောင်တို့ဆိုတာ ကြားရသူရဲ့ နားဝမှာ မချမ်းသာပါဘူး"။

သီချင်းရေးတဲ့သူတွေကို ပြောရသေးတယ်။ "မင်းတို့သီချင်းက မဟုတ်သေးပါဘူး။ ဆရာတော်၊ သံဃာတော်တွေနဲ့ တိုင်ပင်ပြီး ရေးကြပါ"လို့။

ဒီနေ့ကစပြီး ရဟန်းတွေကလည်း ရဟန်းအလုပ်လုပ်ကြပါ။ အနေအထိုင်ကောင်းကြပါ။ အကျင့်မှန်ကြပါ။ လူပုဂ္ဂိုလ်တွေဘက်ကလည်း လူ့အလုပ်ကို လုပ်ကြပါ။ ကြည်ညိုတတ်ကြပါ။

သာသနာတော်ကြီးကို အနေမှန်၊ အကျင့်မှန်၊ ကိုးကွယ်မှုမှန်မှန်ကန်ကန်တွေနဲ့ အရှည်ခန့်၍ တည်တံ့နိုင်အောင်၊ တိုးတက်သထက်တိုးတက် အောင်စည်ပင်သထက်စည်ပင်အောင် ကြိုးစားအားထုတ်

နှိုင်တဲ့ ထိန်းသိမ်းစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေကုန်သတည်း။

။ သာဓု သာဓု သာဓု ။

စတုတ္ထအကြိမ်



ကောင်းသော ညီညွတ်ခြင်း ဖြစ်ပါစေ

ဒီကနေ့ ရွှေပြည်သာမြို့ ဟင်္သာတပရိယတ္တိ စာသင်တိုက်အတွင်း၌ အဝေးရောက် မိုးကောင်းနွယ်ဖွား တပည့်များနှင့်၊ ဒါယကာ ဒါယိကာမ အပေါင်းသူတော်ကောင်းတို့၏၊ တတိယအကြိမ် သြဝါဒခံယူပွဲမှာ **"ကောင်းသောညီညွတ်ခြင်း ဖြစ်ပါစေ"** လို့ အမည်ရတဲ့ သြဝါဒကထာကို ချီးမြှင့်ခဲ့ပါမယ်။

ချမ်းသာ (၄) မျိုး

သုခါ ဇဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃသ္သ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။
ဇဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

သြဝါဒခံယူပွဲအထိမ်းအမှတ်

သဒ္ဓမ္မဒေဿနာ၊ ပွင့်ထွန်းပေါ်ပေါက်လာသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့က သစ္စာလေးပါး ဆိုက်အောင် တရားတော်ကို ဟောဖော်ညွှန်ပြဆိုဆုံးမခြင်းသည်။ သုခါ၊ ချမ်းသာလှ၏။ သံယဿ၊ သံယာတော်၏၊ သာမဂ္ဂီ၊ ညီညွတ်ခြင်းသည်၊ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ ညီညွတ်သောသံယာတော်တို့၏၊ တပေါ၊ အကျင့်သည်၊ သုခေါ၊ ချမ်းသာ၏။ လို့ချမ်းသာလေး မျိုးကို ဗုဒ္ဓရှင်တော်မြတ် ဟောပြထားပါတယ်။

၁။ သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ = ရှင်တော်မြတ်ဘုရား ပွင့်ထွန်းပေါ်ပေါက်လာခြင်းဟာ ဝေနေယျသတ္တဝါတွေ အလွန်ချမ်းသာတယ်။

၂။ သုခါ သဒ္ဓမ္မဒေဿနာ = ပွင့်ထွန်းပေါ်ပေါက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ တရားဟောတယ်ဆိုရင် အလွန်ချမ်းသာတယ်။

၃။ သုခါ သံယဿ သာမဂ္ဂီ = သံယာတော်များ ညီညီညွတ်ညွတ် စိတ်တူကိုယ်တူရှိကြရင် ချမ်းသာတယ်။

၄။ သမဂ္ဂါနံ တပေါ သုခေါ = ညီညွတ်သော သံယာတော်တို့၏ ကောင်းမြတ်သောအကျင့်သည် အလွန်ပဲ ချမ်းသာပါတယ်။ ယခု ဟသ်ာတမြို့၊ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီးမှာ စာပေ

ပရိယတ္တိကို သင်ကြားပြီး ထိုထိုအရပ်နေရာ အသီးသီးမှာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ပြုစုနေကြတဲ့ သာသနာ့ဝန်ထမ်းကျောင်းထိုင်ဆရာတော်များ၊ စာသင်သံယာတော်များ အကုန်လုံးဟာသ်ာတ ပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမှာလာပြီး ဆုံကြတယ်။ လက်လှမ်းမမီလို့ မကြွရောက်နိုင်ကြတဲ့ သံယာတွေလည်း အများကြီးရှိနေမှာပါ။ ဆုံတုန်းလေးချမ်းသာလေးမျိုးထဲက တတိယမြောက်ချမ်းသာကို ညဝါဒစကားအဖြစ် ပြောပြချင်ပါတယ်။

သံဃာညီညွတ်ရင် ချမ်းသာ၏

သုခါ သံဃဿ သာမဂ္ဂီ - "သံဃာတော် ညီညွတ်ရင်ချမ်းသာတယ်" ဆိုတဲ့အတိုင်း တပည့်သံဃာတွေ ညီညွတ်ဖို့လိုပါတယ်။

"ကျောင်းတိုက်တစ်တိုက်မှာ
သီတင်းသုံးနေတဲ့
သံဃာတော်များညီညွတ်ရင်
အဲဒီကျောင်းတိုက် ချမ်းသာပါတယ်။"

တစ်ရွာ၊ တစ်မြို့၊ တစ်နယ်မှာ သီတင်းသုံးနေတဲ့ သံဃာတော်များ၊ ဟိုကျောင်းဒီကျောင်းအချင်းချင်း

ညီညွတ်နေကြတယ်ဆိုရင် အဲဒီမြို့ရွာနယ်ပယ်မှာရှိတဲ့ သံဃာတော်တွေချမ်းသာတာပဲ။

သံဃာသာချမ်းသာသလားဆိုတော့ ဒီပါဠိတော်မှာ ဘယ်သူတွေချမ်းသာတယ်ဆိုတဲ့ကတ္တားကိုထည့်မထားဘူး။ ကတ္တားဒီမှာမပါဘူး။ ဒီတော့ စဉ်းစားကြည့် ဘယ်သူတွေချမ်းသာတာလဲဆိုရင် ညီညွတ်ကြတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေအကုန်လုံးချမ်းသာတယ်။

သံဃာတွေညီညွတ်ပြီဆိုရင် ကိုးကွယ်ကြတဲ့လူတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြတယ်၊ ကုသိုလ်တွေတိုးပွားတယ်၊ ပစ္စုပ္ပန်တွင်မက တစ်သံသရာလုံးချမ်းသာ ကြလိမ့်မယ်။ လူတွေတင်မဟုတ်ပါဘူး၊ နတ်တွေလည်း ချမ်းသာကြတာပါပဲ။ သံဃာတော်များကွဲပြားကြရင် လူ, နတ်, ဗြဟ္မာ တွေလည်း ကွဲပြားကြတယ်။ သူ့သံဃာ၊ ကိုယ့်သံဃာ၊ သူ့ကိုယ်တော်၊ ကိုယ့် ကိုယ်တော်ဖြစ်လာကြတယ်။

ဒါကြောင့် **သမဂ္ဂါနံ တပေါ သုခေါ** သံဃာတော်တို့ရဲ့ညီညွတ်တဲ့အကျင့်သည် ချမ်းသာတယ်။ ချမ်းသာတဲ့ကတ္တားကိုရှာတော့ လူ, နတ်, ဗြဟ္မာ သတ္တဝါတွေအကုန်လုံးတွေ့ရတယ်။

အကယ်၍ သံဃာတော်များက မညီမညွတ် ကွဲ

ကွဲပြားပြားရှိကြရင် ကိုးကွယ်ကြည်ညိုကြတဲ့လူတွေ မှာလည်း အကုသိုလ်ဖြစ်တယ်၊နတ်တွေလည်း အကုသိုလ်ဖြစ်တယ်၊ ဗြဟ္မာတွေလည်းအကုသိုလ် ဖြစ်တယ်။ မချမ်းသာပါဘူး။

ဘယ်နေရာမှာပဲနေနေ ပတ်ဝန်းကျင်သံယာတွေ ညီညွတ်စွာနဲ့ ပရိယတ်၊ ပဋိပတ်ကြိုးစားအားထုတ်ကြ လို့ တစ်ပါးနဲ့တစ်ပါး သြဝါဒ, အနုသာသနီပေးလို့ ညီညွတ်ကြရင် သံယာတော်တွေချမ်းသာသလို ကိုး ကွယ်ကြတဲ့ လူ, နတ်, ဗြဟ္မာတွေ ချမ်းသာကြတယ်။ ဒါ့ကြောင့်သံယတွေညီညွတ်ကြပါလို့ ဘြော်ပြပါရစေ။ သံယာညီညွတ်ရင် ချမ်းသာလို့ပဲဖြစ်ပါတယ်။

မိုးကောင်းနွယ်ဖွား သံယာများ

မနှစ်က (၁၃၆၇) ခုနှစ် တိပိဋကသြဝါဒါစရိယ အဖြစ် ကမ္ဘာအေးလိုက်ဂူတော်ကြီးထဲမှာ တာဝန် ထမ်း ဆောင်နေတော့ နီပေါကကိုယ်တော်တစ်ပါးနဲ့ ကိုးရီးယားကကိုယ်တော်တစ်ပါးရောက်လာတယ်။ ဘုန်းကြီးတို့ စတိတ်ခုံပေါ်က ကုလားထိုင်ကြီးတွေ ပေါ်မှာထိုင်နေတုန်း လာရှိခိုးကြတော့ နီပေါကကိုယ် တော်လေး လက်ကိုဆွဲပြီး -

"မြန်မာလိုပြောတတ်သလား" လို့မေးတော့. . ။

"ပြောတတ်ပါတယ်ဘုရား" တဲ့။
"ဘယ်မှာနေသလဲ" ဆိုတော့
"ထေရဝါဒ တက္ကသိုလ်မှာနေပါတယ်။"

"မြန်မာလူမျိုးတွေနဲ့ နီပေါလူမျိုးတွေက တူလှချည့်လား။ တစ်ရုပ်တည်းဖြစ်နေကြတယ်" ဆိုတော့ "တူတာမတူတာတော့မသိဘူးဘုရား။ တပည့်တော်တို့ နီပေါလူမျိုးတွေက မြန်မာတွေကိုတွေ့ရင် တွေ့တဲ့အခါမှာ "ဒါ ဒို့အမျိုးတွေပဲ မြတ်ဘုရားရဲ့ ဆွေတော်မျိုးတော်တွေ၊ ဒို့မိသားစုတွေပဲဆိုပြီး အလွန်ဝမ်းသာရပါတယ်ဘုရား" လို့ ဦးဇင်းလေးကပြောပါတယ်။

ပြောချင်တာက မြန်မာလူမျိုးတွေ ကိုယ့်မြန်မာပြည်မှာနေတုန်းက သိပ်မရင်းနှီးကြပေမယ့်၊ နိုင်ငံခြားမှာဆုံတွေ့လိုက်ပြီဆိုရင် တကယ့်ဆွေမျိုးအရင်းအချာလိုဖြစ်ကြသကဲ့သို့၊ အခု ဒီမှာ စည်းဝေးရောက်ရှိလာကြသော ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီးက ပေါက်ဖွားလာတဲ့ မိုးကောင်းနွယ်ဖွားသံဃာတော် တော်တော်များများတွေ့ရပါတယ်။

သြော် . . . ဒို့မိုးကောင်းတိုက်က ကိုယ်တော်တွေ၊ ကိုယ်စာသင်ခဲ့တဲ့ကျေးဇူးကြီးမားတဲ့ကျောင်းတိုက်ကြီးကို အစွဲပြုပြီး မိုးကောင်းနွယ်ဖွားသံဃာတော်များ အခုလို တစ်နှစ်တစ်ခါ ဆုံလိုက်တဲ့အခါ

တပည့်တော်က ဘယ်မှာနေတယ်။ အရှင်ဘုရားတို့က ဘယ်မှာသီတင်းသုံးပါလဲဘုရား။ အရေးကြုံရင် တပည့်တော်တို့ တစ်ပါးနဲ့တစ်ပါးတိုင်ပင်ကြရအောင်၊ စည်းရုံးကြရအောင် စသည်ဖြင့် ပြောကြဆိုကြ၊ ငယ်စဉ်အကြောင်းလေးတွေ စားမြုံ့ပြန်ကြဆိုတော့ ရင်းနှီးမှုတွေလည်း ပိုမိုခိုင်မြဲလာသလို၊ တစ်ပါးနဲ့တစ်ပါး အရေးအကြောင်းရှိလည်း ကူညီဖော်ရကြတယ်။ မိုးကောင်းနွယ်ဖွားသံယာတော်များ ဒီအစည်းအဝေးကို အကြောင်းပြုပြီး အဖက်ဖက်က အကျိုးကျေးဇူးရှိကြပါတယ်။

ကူညီရှိုင်းပင်း သံဃာချင်း

အဘိရာဇာတို့ကို အကြောင်းပြုပြီးတော့ မြန်မာလူမျိုးတွေ ပေါက်ဖွားလာတယ်လို့ စာစောင်တွေမှာ ဖတ်ဖူးပါတယ်။ တကောင်းမြို့ကိုတည်တဲ့ အဘိရာဇာတို့က ဘယ်နယ်ကလဲဆိုရင် အခု နီပေါလို့ခေါ်နေတဲ့ သုဒ္ဓါဒနမင်းကြီးတို့နယ်ကပါပဲ။ ဒီတော့ သာကီဝင်မင်းမျိုးရဲ့ အဆက်အနွယ်တွေဟာ မြန်မာလူမျိုးတွေပဲလို့ မှတ်ယူကြရပါမယ်။

ဘုန်းကြီးတို့ အင်္ဂလိပ်ခေတ်မှာမွေးတယ်၊ စစ်ကြို့ခေတ်ရောက်တော့ ကလေးဘဝ၊ "သာကီမျိုးဟေ့ ဒို့ဗမာ" ဆိုတဲ့သီချင်းတွေ ပေါ်ပေါက်လာတယ်။ ငယ်

ငယ်တုန်းက ဆိုခဲ့ရတယ်။ "သာကီမျိုးဟော့ဒို့ဗမာ" ဆိုတဲ့သီချင်းကတကယ်တော့ ကိုယ့်လူမျိုးအချင်းချင်း ရိုင်းပင်းကူညီကြဖို့ နှိုးဆော်တဲ့သီချင်းဖြစ်ပါတယ်။

ပြောလိုရင်းကတော့ မြန်မာလူမျိုးတွေ နိမ့ပါကို ရောက်သွားတဲ့အခါ နိမ့ပါကပုဂ္ဂိုလ်တွေက ဒို့လူမျိုး ပဲဆိုပြီး ကြိုဆိုကြသလို မြန်မာလူမျိုးတွေ နှိုင်ငံခြားမှာ တစ်ယောက်နဲ့တစ်ယောက်တွေ့.ကြရင် ဆွေရင်းမျိုးရင်းတွေလို ခင်မင်ကြတယ်။

အခုလည်း မိုးကောင်းကျောင်းတိုက်ကြီးမှာ စာပေတွေသင်ကြားပြီး၊ အချိန်တန်အရွယ်ရောက်တော့ ကျောင်းထိုင်ပြီး သာသနာပြုကြ၊ သာသနာ့ တာဝန်တွေကိုယ်စီထမ်းဆောင်ကြတယ်။ အခုလို တစ်ဦးနဲ့ တစ်ဦး၊ တစ်ပါးနဲ့တစ်ပါး တွေ့.ဆုံမိကြတဲ့အခါ တရင်းတနှီးနဲ့ ဆွေမျိုးအရင်းအခြာပမာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရတယ်။

ဝမ်းမြောက်ပြီး ညီညွတ်ကြရင် ညီညွတ်သောသံယာဖြစ်ကြတယ်။ ညီညွတ်ရမှာက မိုးကောင်းနွယ်ဖွားတွေသာမဟုတ်ဘူး။ ဘယ်သံယာမဆို နီးစပ်ရာ၊ နီးစပ်ရာ ညီညွတ်စွာနေရမယ်။ ကွဲကွဲပြားပြားမရှိစေရဘူး၊ တစ်ပါးနဲ့တစ်ပါး ရိုင်းပင်းစွာနဲ့ အကြောင်းရှိရှိသလို အရေးပေါ်၊ ပေါ်သလို၊ ကူညီလို့၊ စောင့်ရှောက်လို့၊ ထိန်းသိမ်းလို့၊ပြောတာဆိုတာ နားထောင်

လို့၊ နေသွားကြမယ်ဆိုရင် တစ်နိုင်ငံလုံးရှိ သံဃာတော်တွေ ချမ်းသာရုံမက ကိုးကွယ်ကြတဲ့ လူ၊ နတ်၊ ဗြဟ္မာတွေလည်း ချမ်းသာကြတယ်။ ဒါ့ကြောင့် သံဃာအချင်းချင်း ကူညီရိုင်းပင်းကြစေလိုပါတယ်။

ဓောင့်ရှောက်လိုသော ဆရာစေတနာ

ဘုန်းကြီးကို အကြောင်းပြုပြီး တစ်နှစ်တစ်ခါ စည်းဝေးတော့ တစ်ပါးနဲ့တစ်ပါး ဆွေးနွေးလို့ တိုင်ပင်လို့ရတယ်။ ဘယ်သံဃာဘယ်ကျောင်းမှာ ဘယ်အရပ်မှာ သာသနာပြုနေတယ်။ ကျောင်းထိုင်နေတယ်ဆိုတာကအစ သိလာရတယ်။ အဆက်အသွယ်မပြတ်တော့ဘူး အရေးကြုံပြန်တော့ ကူညီလို့ရတယ်၊ အကြံအဉာဏ်ပေးလို့ရတယ်။

ဘုန်းကြီးကလည်း သီးသန့်ကိုကြွဖို့မလွယ်ဘူး၊ အနည်းဆုံး တစ်နှစ်တစ်ခါတော့ ရောက်ဖြစ်မှာပါပဲ။ ဒီနှစ်ဆို တစ်ခေါက်ကိုမကတော့ဘူး။ ၁၃၆၈-ခု၊ ကဆုန်လမှာ တိပိဋကပူဇော်ပွဲကိုလာရမယ်။ ဝါဆိုလကျတော့ ၄၇-ပါးစုံညီအစည်းအဝေးတက်ရမယ်။ ၁၃၆၉-ခုနှစ်မှာ ၄-လလာပြီး ရုံးထိုင်ရဦးမယ်၊ ၇၀ ပြည့်နှစ်မှာလည်း ရုံးထိုင်ရဦးမယ်။ ကိုယ့်အလုပ်ကိုယ် ပြောပြတာပါ။

ဩဝါဒခံယူပွဲအထိမ်းအမှတ်

ရန်ကုန်မှာလာပြီး သာသနာ့အလုပ်ကို ဆောင်ရွက်တိုင်းတော့ မစည်းဝေးနိုင်ဘူး။ စည်းဝေးသည့် တိုင်လာနိုင်ဖို့မလွယ်ဘူးပေါ့။ ကိုယ့်ကိစ္စနဲ့ကိုယ် မလွဲမရှောင်သာလို့လာရတယ်။ တစ်နှစ်တစ်ကြိမ်လောက်ကျင်းပ၊ ဒါတောင် တပည့်ကြီးတွေကိုပြောရသေးတယ်။ တစ်နှစ်တစ်ကြိမ်ဆိုတော့ များတယ်။ သုံးနှစ်လောက်မှာတစ်ကြိမ်ကျင်းပဖို့ကောင်းတယ်။

ပြီးတော့တာဝန်တွေပိုမှာ၊ ပိုက်ဆံကုန်တာ ဘုန်းကြီးမကြိုက်ဘူး၊ မကုန်အောင်လုပ်ကြစမ်းပါ။ ကြွလာကြတဲ့သံဃာတွေ ဆွမ်းကပ်တာအကောင်းဆုံးပဲ။ ဒါကိုမပြောလို့ပါဘူး။ ဘုန်းကြီးအတွက်နဲ့ပတ်သက်ပြီး ကုန်တာတော့ စိတ်မချမ်းသာဘူး။ တကယ်ဆို ဘုန်းကြီးကသာ တပည့်တွေကို ထောက်ပံ့ရမှာ။ တပည့်တွေကပြန်ပြီး လှူတယ်ဆိုတာ မကောင်းပါဘူး။

မိဘနဲ့သားသမီးလိုပဲ၊ မိဘတွေဟာ များသောအားဖြင့် သားသမီးတွေထံက လက်ပြန်ဖြန့်ဖို့ စိတ်မကူးဘူး။ မိဘကသာရှိရင်ရှိသလောက် သားသမီးတွေကို ပြန်ဖြန့်ဖြူးတာပဲ။ ဘုန်းကြီးလည်း ဩဝါဒပေးဆိုပေးပါ့မယ်။ ဘုန်းကြီးကိုအကြောင်းပြုပြီး ငွေကုန်ကျမယ့်အလုပ်တွေမလုပ်ကြစမ်းပါနဲ့။ မနှစ်ကလည်းတားသလို ဒီနှစ်လည်း တားပါတယ်။ ဒါဟာ

ဘုန်းကြီးရဲ့ ဆရာစေတနာပါပဲ။

ညီညွတ်ခြင်း နှစ်မျိုး

အားလုံးသောတပည့်ဖြစ်တဲ့ ကျောင်းထိုင်ဆရာတော်တွေ၊ သာသနပြုဆရာတော်တွေ၊ စာသင်သံဃာလေးတွေအကုန်လုံး သတိပြုကြပါ။ ညီညွတ်ခြင်းနှစ်မျိုးရှိပါတယ်။

၁။ မကောင်းသောညီညွတ်မှု

၂။ ကောင်းသောညီညွတ်မှု

မကောင်းသောညီညွတ်မှုသည် ဒုက္ခဆင်းရဲဘက်ကို ဦးတည်နေတယ်။

ကောင်းသောညီညွတ်မှုသည် ချမ်းသာသုခဘက်ကို ဦးတည်နေတယ်။

သမဂ္ဂါနံ တပေါ သုခေါ - ဆိုတာ ကောင်းသောညီညွတ်မှုကို ပြတာဖြစ်ပါတယ်။

ဥပမာ။ ။ တစ်ပါးကနိုင်ငံရေးလုပ်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက တို့လည်း နိုင်ငံရေးလုပ်မယ် ဆိုပြီး လုပ်ကြည့်ပါလား၊ အကုန်လုံးစိတ်ဆင်းရဲရမှာပေါ့။ တစ်ပါးက ဘုရားမခိုင်းတဲ့ အလုပ်တွေလုပ်နေတယ်၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေကလည်း သူ့နောက်အကုန်လိုက်တယ်။

ညီတော့ညီညွတ်ပါတယ်။ ဒါပေမယ့် မကောင်း

သောညီညွတ်ခြင်း။ မကောင်းသောညီညွတ်ခြင်းရဲ့ ရလဒ်ကတော့ သုခဲမဟုတ်ဘူး။ ဒုက္ခော အကုန်ဆင်းရဲရလိမ့်မယ်။

သံဃာတော်တို့၏ ညီညွတ်ခြင်းသည် ချမ်းသာတယ်၊ နဲနဲချမ်းသာတာမဟုတ်ဘူး၊ လူတွေချမ်းသာတယ်၊ နတ်တွေချမ်းသာတယ်၊ ဗြဟ္မာတွေ ချမ်းသာတယ်၊ သို့သော် ညီညွတ်ခြင်းကိုတော့ သရုပ်ခွဲလိုက်ပါဦး။မကောင်းသောညီညွတ်ခြင်းကို ပြောတာမဟုတ်ဘူး။ ကောင်းသောညီညွတ်ခြင်း ကိုပြောတာ။

ကောင်းသောညီညွတ်ခြင်းရှိပါမှ သုခဲဆိုတဲ့အကျိုးရလဒ်ရပါလိမ့်မယ်။ မကောင်းသော ညီညွတ်ခြင်းဆိုရင် ဒုက္ခောကိုသာရပါလိမ့်မယ်။ တပည့်တွေဖြစ်ကြတဲ့ ဆရာတော်၊ သံဃာတော်တို့. . .

အသက်တွေလည်း မငယ်ကြတော့ပါဘူး။ ငါးဆယ်ကျော် ခြောက်ဆယ်နီးနီးရှိကြပါပြီ။

အခုပြောခဲ့တဲ့ ညီညွတ်ခြင်းနှစ်မျိုးမှာ ကောင်းသောညီညွတ်ခြင်းနဲ့ပြည့်စုံအောင် ကျင့်ကြံ၊ ကြိုးစား၊ အားထုတ်ကြပါ။

ငါ့အထွက် သာသနာတော်က ဘာလုပ်ပေးနိုင်လဲ

သံယာ၏ ကောင်းသောညီညွတ်ခြင်းဖြစ်အောင် ဘုန်းကြီးပြောပြမယ်။ ဒီနေရာမှာ တပည့်တွေအား လုံး စဉ်းစားသုံးသပ်ရမှာက **"သာသနာတော်ဟာ ငါ့အတွက် ဘာလုပ်ပေးနိုင်လို့လဲ၊ ငါသည် သာသနာတော်အတွက်ဘာလုပ်ပေးနိုင်လဲ"** ဆိုတဲ့မေးခွန်းကို ကိုယ်တိုင်ထုတ်ပြီး စဉ်းစားသုံးသပ်ပါ။ ကောင်းသော ညီညွတ်ခြင်းတွေ ဖြစ်လာပါလိမ့်မယ်။

ဒီစကားကို ဘုန်းကြီး တိပိဋကက ဩဝါဒါစရိယ ထမ်းဆောင်ပြီးတဲ့ နောက်တစ်နေ့ တက္ကသိုလ်က တပည့်တွေ တောင်းပန်ကြလို့ ဩဝါဒပေးခဲ့ရတယ်။ မေးထိုက်တဲ့မေးခွန်းနဲ့ မမေးထိုက်တဲ့မေးခွန်းကို ရှင်းသွားအောင်သေချာစွာအနှစ်ချုပ်ထုတ်လိုက်တော့ **"သာသနာတော်သည် ငါ့အတွက်မဖြစ်စေရ၊ ငါကသာ သာသနာတော်အတွက် ဖြစ်စေရမည်"** ဒါဆိုပိုရှင်းသွားတယ်။

တပည့်အပေါင်းတို့ . . .

"သာသနာတော်သည် ငါ့အတွက် မဖြစ်စေရဘူး" ဆိုတာကို သဘောပေါက်လွယ်အောင် ပေးနေကြ၊ ဩဝါဒလေးကို ကြားညှပ်ပြီးပြောပြမယ်။

ဩဝါဒခံယူပုံအထိမ်းအမှတ်

"မာတုဂါမ၊ သံသဠ၊ လုံးဝရှောင်ကြဉ်သင့်၊
လူညံ့လူဖျင်း၊ အိမ်လည်ခြင်း၊ အလျဉ်းမပြုနှင့်၊
ငွေချေးငွေစု၊ လူအမှု၊ မပြုမိလေနှင့်၊
တပည့်ဒကာ၊ ဂုဏ်မျက်နှာ၊ ဘယ်ခါမလိုက်သင့်၊
ခရီးမမျှား၊ တရားပေစာ၊ ပို့ချကာ နေတတ်အောင်
သာကျင့်၊
ကျောင်းမထိုင်ခင်၊ ထေရ်အရှင်၊ အင်္ဂါငါးရပ်မှတ်ဖို့
သင့်၊
ခေတ်အားလျော်စွာ၊ အင်ငါးဖြာ၊ လိုက်နာနိုင်မှ တော်
မည်ထင့်၊
ကျောင်းထိုင်မစား၊ ဘုရားသာနာ၊
စောင့်ရှောက်ရာ၊ ရောက်မှာဧကန်ဖြစ်"။ ။

တပည့်တွေ ဒီဩဝါဒလက်ံာလေး အကုန်သိကြ၊
ရကြပါတယ်။

၁။ ဒကာမတွေနဲ့ မရောနဲ့။

၂။ အိမ်မလည်နဲ့။

၃။ ငွေမစုနဲ့၊ ငွေမချေးနဲ့၊ ကိုယ်ပိုင်ငွေမထားနဲ့၊
(အဲဒါ လူတွေရဲ့အလုပ်၊ ဘုန်းကြီးအလုပ်မဟုတ်
ဘူး။)

၄။ တပည့်ဒကာတွေအပေါ် မျက်နှာမလိုက်နဲ့၊

၅။ ခရီးမမျှားနဲ့၊

၆။ စာပေပို့ချသင်ကြားပြီး နေတတ်အောင်ကျင့်။

အထက်ပါအင်္ဂါခြောက်ချက်နဲ့ညီအောင်နေရင် ကျောင်းထိုင်စားတဲ့အဖြစ် မရောက်ဘူး။ ကျောင်းထိုင်ပြီး သာသနာပြုတဲ့အဖြစ်ကို ရောက်မယ်လို့ ဩဝါဒအဓိပ္ပါယ်က ဒီလိုထွက်ပါတယ်။

"ငါ့အတွက်သာသနာတော်က ဘာလုပ်ပေးနိုင်လဲ" ဆိုတဲ့အဓိပ္ပါယ်က "ငါချမ်းသာအောင် ငါ့အကျိုးကို သာသနာတော်က ဘယ်လောက်သယ်ပိုးနိုင်လို့လဲ"ဆိုတဲ့ မေးခွန်းမျိုးဖြစ်လို့ မမေးထိုက်ဘူး။ ဒီလို ခံယူချက်မျိုး မရှိသင့်ပါဘူး။

ဒီမေးခွန်းမျိုးက အစားချောင်အောင် သာသနာတော်မှာ နေသလိုဖြစ်တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျောင်းထိုင်စားတဲ့ပုဂ္ဂိုလ်ရဲ့အဆင့်အတန်းကို ရောက်သွားပါတယ်။

ကျောင်းထိုင်စားတယ်ဆိုတာ-ကျောင်းထိုင်စားသောက်နေတာ၊ ဘာအလုပ်မှမလုပ်ဘူး။ ဘယ်သာသနာရေးကိုမှ စိတ်မဝင်စားဘူး၊ မကြိုးစားဘူး။ မသယ်ပိုး မဆောင်ရွက်ဘူး။ အဲဒါ ကျောင်းထိုင်စားတဲ့ပုဂ္ဂိုလ်။

သာသနာ့ဝန်ထမ်းတဲ့ သာသနာ့ဝန်ထမ်း ဆိုတဲ့စကားလုံးနဲ့ မညီပါဘူး။ ဒါကြောင့် ဒီလိုခံယူ ချက်မျိုး မရှိရဘူး။ ဒီမေးခွန်းမျိုး မမေးထိုက်ဘူး။ မေးထိုက်တာက ဒုတိယမေးခွန်းရှိပါတယ်။ "ငါသည်

သာသနာတော်အတွက် ဘာလုပ်နိုင်ပြီလဲ"။ ဒီမေးခွန်းကတော့ မေးထိုက်တယ်။ မေးလဲမေးရမယ်။ ဘာဖြစ်လို့လဲ?.. ငါသာသနာတော်ရဲ့ အရိပ်ကိုခိုပြီးတော့သာသနာတော်ရဲ့ ဒိဋ္ဌဓမ္မသုခချမ်းသာကို ငါရနေပြီ။

သာသနာတော်ရဲ့အကျိုးစီးပွား ငါဘယ်လောက်ဆောင်ရွက်ပြီးပြီလဲ၊ သာသနာတော်ရဲ့အကျိုးစီးပွားဖြစ်ထွန်းအောင် ငါဘယ်လောက်ကြိုးစားပြီးပြီလဲ၊ ဘယ်လိုကြိုးစားဆဲ၊ ဘယ်လိုကြိုးစားဦးမှာလဲ။

မေးခွန်းကိုမေးပြီးတဲ့အခါ မှန်ကန်သောအဖြေကိုဖြေနိုင်ပါမှ အကျိုးရှိပါလိမ့်မယ်။မဆောင်ရွက်ရသေးဘူးဆိုရင်လဲ မဆောင်ရွက်ရတဲ့အကြောင်းပေါ်မယ်။ဆောင်ရွက်ပြီး၊ဆောင်ရွက်ဆဲ၊ဆောင်ရွက် လတ်တံ့ဆိုရင်လဲ အဖြေပေါ်လိမ့်မယ်။ ငါသည် သာသနာတော်အတွက် ဘာလုပ်နိုင်ပြီလဲ" ဆိုတဲ့မေးခွန်းကို မေးပြီး အဖြေပေါ်အောင်ကြိုးစားကြပါ။

ဘုရားပေးတဲ့ နှစ်ခုသော ကာဝန်ကြီး

ဆောင်ရွက်နည်းက ပရိယတ်နဲ့ပဋိပတ် ဘုရားပေးထားတဲ့တာဝန်ကြီးနှစ်ခု

ပရိယတ် = စာပေသင်ကြားပို့ချမှု၊

ပဋိပတ် = သိက္ခာပုဒ်နိုင်အောင်၊ လုံခြုံအောင်ထိန်းမှု၊ တရားဘာဝနာအားထုတ်မှု။

ပရိယတ်နဲ့ ပဋိပတ်ဘုရားပေးတဲ့တာဝန်နှစ်ခု၊ တစ်ခုခုကို ထမ်းဆောင်နေသမျှ သာသနာတော်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်ပြီး ဆောင်ရွက်ဦးမယ့်ပုဂ္ဂိုလ်လို့ပြောတာ။

တပည့်အပေါင်းတို့ . . .

ပရိယတ်ပဲဖြစ်ဖြစ် ပဋိပတ်ပဲဖြစ်ဖြစ် ကြိုးစားအားထုတ်ကြပါ။ ဘုရားပေးတဲ့တာဝန်ကြီးကို ကြိုးစားအားထုတ်နေမယ်ဆိုရင် သာသနာတော်ရဲ့အကျိုးကို ကိုယ်တိုင်က ဆောင်ရွက်သယ်ပိုးနေတာပဲ၊ တစ်နည်းပြောရရင် တာဝန်ကျေတဲ့ပုဂ္ဂိုလ်ပဲ။ သာသနာတွင်းမှာ ဝင်ရောက်နေထိုင်ပြီးတော့ ကျေးဇူးကြီးမားလှတဲ့ သာသနာတော်ရဲ့ကျေးဇူးကို ပြန်မဆပ်ရင်၊ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်မှုမပြုလုပ်ရင် တာဝန်မကျေဘူး။ တာဝန်မကျေတော့ ကျောင်းထိုင်စားတဲ့၊ ကျောင်းနေစားတဲ့အဆင့်အတန်းမျိုး ရောက်သွားတယ်။

ကျောင်းထိုင်စားတဲ့အဆင့်အတန်းဟာ မတွေးရင်တော့ ဘာမှမဖြစ်ဘူး။ တွေးမိရင်တော့ တော်တော် ရင်နာစရာကောင်းတယ်။ ကျောင်းထိုင်စား

ဆိုတဲ့စကားလုံးမျိုး အပြောခံရတာ အနာဆုံးပဲ။ ကျောင်းထိုင်စားတာမဟုတ်ရင် ကျောင်းထိုင်ပြီး သာသနာပြုတယ်။

ပရိယတ်၊ ပဋိပတ်တစ်ခုခု အားထုတ်ရင် ကျောင်းထိုင်ပြီးသာသနာပြုတာ၊ သာသနာပြုနိုင်မှ ကိုယ့်ဘက်က တာဝန်ကျနိုင်မယ်။ လုံးဝမဆောင်ရွက်ရသေးရင် တာဝန်မကျဘူး၊ တစ်နေ့နေ့တော့ ကျေအောင်ဆောင်ရွက်ရမယ်လို့ သဘောပေါက်ပါ။ ဆောင်ရွက်ရမယ့်တာဝန်တွေ တစ်ပုံတစ်ပင်ကြီးပါ။ အကျဉ်းချုံးပြောတော့ ဘုရားပေးတဲ့တာဝန်ကြီးနှစ်ရပ်က ပရိယတ်နဲ့ပဋိပတ်ပါပဲ။

သာသနာ ကျေးဇူးဆပ်ပို့မငေမုန့်

ကလေးသူငယ်တွေကို ဗုဒ္ဓဘာသာယဉ်ကျေးမှုပြသပေး။ အဲဒါ သာသနာတော်ကို ကျေးဇူးဆပ်တာပဲ၊ အဘိဓမ္မာသင်ချင်တဲ့ပုဂ္ဂိုလ်တွေ၊ သိချင်တဲ့ပုဂ္ဂိုလ်တွေကို ပြသပေး။ ကလေးတွေကို ဘာသာရေးယဉ်ကျေးဖို့ ပြောပေးရမယ်။

ရံဖန်ရံခါ ကလေးတရားပွဲတွေလုပ်ပေး၊ သံဃာတိုင်းလုပ်နိုင်တယ်။ အငယ်တန်းလောက်အောင်ရင်ပဲ လုပ်နိုင်တာပဲ။ ဒီမှာအငယ်တန်းအဆင့် ဘယ်သူမှ မရှိဘူး။ အကြီးတန်း၊ စာချတန်း၊ အဆင့်တွေချည်း

ပဲ။ သေးတဲ့အဆင့်လဲမဟုတ်ပါဘူး။

မိဘတွေကို ချော့ခိုင်းပြီး ကျောင်းရောက်အောင် ခေါ်၊ ကလေးကြိုက်တဲ့မုန့်လေးတွေ၊ နောက်ဆုံး နို့ဆန်ပြုတ်ကလေးဖြစ်ဖြစ်တိုက်၊ နာရီဝက်တစ်နာရီလောက် မိဘကျေးဇူးသိအောင်၊ ရတနာသုံးပါးဂုဏ်သိက္ခာတွေ နားလည်အောင်၊ ကလေးနားလည်လောက်တဲ့စကားလုံးလေးနဲ့ ပြောပေး၊ လုပ်စရာတွေအမျှားကြီးပါပဲ။

ရောက်ရာနေရာမှာ တာဝန်ကျေအောင်လုပ်ကြပါ။ ကလေးတရားပွဲမျှားဆိုရင် တော်တော်လုပ်သင့်တယ်။ လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်ကြီးတွေက မလိုတော့ဘူး။ ဗုဒ္ဓဘာသာအရိုးစွဲနေပြီ။ အပြည့်အစုံ အကုန်သိတာ မသိတာထား၊ အရိုးစွဲနေပါပြီ။ ဗုဒ္ဓံ ပူဇေမိ=ဘုရားကို ပူဇော်ရမယ်ဆိုတာ လူကြီးတွေကိုပြောဖို့ မလိုတော့ဘူး။ သူတို့ အကုန်သိတယ်။

"ကလေးတွေကို ဆွဲဆောင်ဖို့ တော်တော်အရေးကြီးတယ်" ဒီပြင်ဘာသာတွေမှာ ဆိုရင် ကျောင်းတက်ရမယ်သွားတတ်၊ ပြန်လာရင် သူတို့ရဲ့ဘာသာရေးသင်တန်းကျောင်း မတက်မနေရဘူး။ နောက်မှထမင်းစား၊ ဘုန်းကြီးတို့မြို့မှာ ဒီအတိုင်းတွေ့ရတယ်၊ ဒီမြို့တွေမှာလဲ ဒီအတိုင်းပဲရှိပါလိမ့်မယ်။

တို့ဗုဒ္ဓဘာသာ ရဟန်းတော်တွေကသာ တာဝန်မကျေတာ၊ ဘာသာခြားတွေလောက် အလုပ်မလုပ်ဘူး။ လုပ်တော့လုပ်တယ်၊ တာဝန်မကျေဘူး။ ကျေတာလဲရှိမှာပေါ့။ တာဝန်ကျေအောင် ထမ်းဆောင်ခြင်းသည် သာသနာတော်ရဲ့ ကျေးဇူးကိုဆပ်ရာရောက်ပါတယ်။

အလှမ်းကျယ်၍ အလည်လပ်သည်

တပည့်ဖြစ်တဲ့ ဆရာတော်၊ သံယာတော်အရှင်မြတ်တို့ . . .

ဘုန်းကြီးပြောတာကို လေးလေးနက်နက်ကြီး သဘောပေါက်ပါ။ နားထောင်ကောင်းရုံပြောနေတယ်လို့မမှတ်ပါနဲ့။ ဟိုရှေ့က အိန္ဒိယရဟန်းတော်တွေတာဝန်မကျေခဲ့ဘဲ အသိစိတ်ဓာတ်တွေ အိပ်ပျော်နေကြလို့ သာသနာတော်ကွယ်ခဲ့ရပြီ။ ဒီပ်နေတယ်ဆိုတာ တကယ်အိပ်တာကိုပြောတာ မဟုတ်ပါဘူး။ အလုပ်မလုပ်ဘဲနေတာကို ပြောတာပါ။ ခုတော့ မအိပ်ကြပါနဲ့။ တတ်နိုင်သလောက်ကြိုးစားကြပါ။

အထက်ကပြောခဲ့တဲ့ ကလေးတရားပွဲ၊ ယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာသင်တန်း၊ ပဋ္ဌာန်စသမုဟ်ပါဒ်သင်တန်းစတဲ့အခြေခံမျှား ပြုလုပ်ပေးရမယ်။ အဲဒါကို

သာသနာတော်ရဲ့အကျိုး သယ်ပိုးဆောင်ရွက်တယ်လို့ ခေါ်တယ်။စာသင်တိုက်ကြီးဖွင့်ပြီး စာချနေမှ၊ရိပ်သာကြီးဖွင့်ပြီး တရားပြနေမှ မဟုတ်ပါဘူး။

စာသင်တိုက်ဖွင့်တာတို့၊ ရိပ်သာထူထောင်တာတို့ ဆိုတာကတော့ တော်တော်အဆင့်မြင့်သွားပြီ၊ ခုက အခြေခံကိုပြောနေတာ၊ အထက်တန်းအဆင့်ကတော့ အကျိုးရှိတာပေါ့။ သို့သော် အခြေခံလောက်ခရီးမပေါက်ပါဘူး။ အခြေခံ တော်တော်လိုနေပါတယ်။ **"အလှမ်းကျယ်အလည်လပ်ဆိုတာ တို့ဗုဒ္ဓဘာသာတွေကိုပြောတာ"**။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊သောတာပန်တည်ပုံ၊ သကဒါဂါမ်တည်ပုံဆိုပြီးအလှမ်းကတော့ တော်တော်ကျယ်တာပဲ။ နောက်ပေါက်ဖြစ်တဲ့ ကလေးသူငယ်တွေ အတွက်ကတော့ အောက်ခြေလွတ်သွားပြီ၊ လွတ်လေပိုဆိုးလေပေါ့။ ဒါကို သဘောပေါက်ရမယ်။

သာသနာ့အရိပ် ခိုဝင်ကာ ချမ်းသာသည်

သာသနာတော်မြတ်ကြီးသည် အလွန်ကျေးဇူးများတယ်၊ ဒုတိယမေးခွန်းကို သဘာဝကျကျဖြေနိုင်အောင် ကြိုးစားအားထုတ်တော်မူကြပါ။

ပထမမေးခွန်းကိုတော့ မမေးထိုက်ပါဘူး။

မမေးထိုက်ဘူးဆိုတာ သာသနာတော်က ဆောင်ရွက်ပေးတဲ့ အကျိုးတွေဟာ ပြောမကုန်နိုင်လို့ပါ။

ဘုန်းကြီး အသက် ၇၂ နှစ်ရှိပါပြီ။ ဘိုးဘွားအရွယ်ကြီးရောက်နေပါပြီ။ ဒီအရွယ်ကြီးရောက်တော့ စိတ်ချမ်းသာရတယ်။ ငယ်ငယ်က မိဘနှစ်ပါးသို့မဟုတ် ဆရာသမားက သည်းခံပြီး ထိန်းမထားခဲ့လို့ လူထွက်ခဲ့ရင် ဘယ်လောက်စိတ်ဆင်းရဲရမလဲ။ ဘယ်လောက်ပဲ ပစ္စည်းဥစ္စာ ပေါနေနေ ဒုက္ခတွေပင်လယ် ဝေနေတာပါပဲ။ အခု ရဟန်းတော်ကြီးအဆင့်ကိုရောက်နေရတဲ့ ဘုန်းကြီးတို့ ဘာမှဆင်းရဲစရာမရှိဘူး။

ဆွမ်းစားချိန်တန် ဒကာ၊ ဒကာမတွေက ဒါလေးဘဉ်းပေးပါဘုရား၊ ဟိုဟာလေးဘဉ်းပေးပါဘုရား၊ သင်္ကန်းဆိုလည်း တစ်စုံမကုန်သေးဘူး၊ နောက်တစ်စုံနောက်တစ်စုံ။ အဲဒါ သာသနာ့အရိပ်ကို ခိုပြီးတော့ချမ်းသာနေတာ၊ ဒါတွေကို ပြောနေမယ်ဆိုရင် သာသနာတော်က ကိုယ့်အတွက်ချမ်းသာအောင် လုပ်ပေးနေတာ ပြောလို့မကုန်ပါဘူး။

ပြောရင်းနဲ့ သတိရလို့ ထည့်ပြောရဦးမယ်၊ အင်းဝခေတ်က စစ်ကိုင်းမှာ ဆရာတော်တစ်ပါး၊ အသက် ၆၀ကျော်၊ ဘုရင်ကလည်း **ရာဇဂုရု** ဘွဲ့တံဆိပ်ကပ်၊ စာတတ်ပေတတ်ကြီး။

စတုတ္ထအကြိမ်

ဒီတော့ ငယ်ငယ်တုန်းက သူ့အကြောင်းကို သတိရတယ်။ သူငယ်စဉ်အသက် ၂၀လောက်က သူနဲ့ရင်းနှီးတဲ့အမျိုးသမီးက ၁၈နှစ်၊ တစ်ယောက်နဲ့တစ်ယောက်ရင်းနှီးကြ၊ သံယောဇဉ်တွေဖြစ်ကြတယ်။ တစ်နေ့တော့ အမျိုးသမီးက ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ တွေ့ရအောင်လာခဲ့ပါလို့ ချိန်းတယ်။

သူကလည်း ကာလသားအရွယ်ဆိုတော့ သွားတာပေါ့။ သွားတဲ့အခါကျတော့ သူနဲ့ချိန်းတဲ့အမျိုးသမီးက တစ်ခြားယောက်ျားတစ်ယောက်နဲ့ စကားပြောနေတယ်။ လကလည်းသာတာ ထိန်နေတာပဲ၊ ရှေ့ခေတ်ကအိမ်တွေမှာ လသာဆောင် အိမ်တိုင်းလိုလိုပါတယ်တဲ့။ လသာဆောင်မှာထွက်ပြီး စကားပြောနေတာ တခြားယောက်ျားတစ်ယောက်နဲ့။ သူက အောက်ကချောင်းပြီး နားထောင်တယ်။

"နင် ဟိုကောင်နဲ့ဖြစ်နေတယ်မဟုတ်လား"

"မဖြစ်ပါဘူး၊ ကြိုက်လည်းမကြိုက်ဘူး၊ သူ့ဆီကငွေရလို့ စားကောင်းလို့ ချူစားနေတာပါ"တဲ့။

ဒီစကားလည်းကြားရော ဟင်း . . . ဆိုပြီး နောက်ပြန် ဆုတ်သွားတယ်။ အိမ်ရောက်တော့ "အဖေအမေတို့ သားကို ဘယ်လိုမှမအောက်မေ့ပါနဲ့၊ သား ရဟန်းဝတ်ပါရစေ၊ ရဟန်းဝတ်ခွင့်ပြုပါ"လို့ ပြောတော့သူ့ အမေက-

"သားရယ် အသက် ၂၀ပဲရှိသေးတယ်။ အမေတို့နဲ့ အတူတူနေပါဦး၊ သားအသက် အစိတ်(၂၅)နှစ်ပြည့်တော့ အမေတို့ ရဟန်းခံပေးမှာပေါ့"

"အမေ ကျွန်တော် မနေချင်တော့ဘူး၊ ကျွန်တော် ခုပဲသွားမယ်၊ အမေတို့ မလိုက်ရင်နေ၊ ကျွန်တော် ရဟန်းသွားဝတ်တော့မယ်" ဆိုပြီး

တကယ်ရဟန်းဝတ်ခဲ့တယ်။ ရဟန်းခံပြီး စာပေပရိယတ်တွေသင်လိုက်တာ စာတတ်ပုဂ္ဂိုလ်ကြီးဖြစ်သွားတယ်။ သူတို့ခေတ်က စာမေးပွဲမရှိဘူး။ သာလွန်မင်းတရားကြီးလက်ထက်က ပထမပြန်စပေါ်တယ်။ သိပ်ခေတ်စားလှတယ်တော့ မဟုတ်ဘူး။

အခုနဆရာတော်ကြီးက သက်တော်က ၆၀ကျော်၊ စာပေကလည်းတတ်၊ ရာဇဂုရုဘွဲ့တော်ကြီးလည်းရ၊ ငယ်ငယ်ကအကြောင်း သတိရသွားတယ်။

"အော်ငါနဲ့ဖြစ်ခဲ့တဲ့အမျိုးသမီး၊ သူကျေးဇူးကြီးလိုက်တာ"

ပညာရှိသူတော်ကောင်းကြီး၊ နာမည်လည်းမမေ့ဘူး၊ တပည့်တွေခေါ်ပြီးတော့-

"ဘယ်မှာနေတဲ့၊ ဘယ်သူ့သမီး၊ ခုနေမျှားရှိသေးသလားမသိဘူး၊ စုံစမ်းမေးပေးကြစမ်းပါ"

"ရှိပါတယ်ဘုရား၊ အိမ်ထောင်ကျနေတယ်၊ သား

တွေသမီးတွေ၊ မြေးတွေနဲ့ပါဘုရား”

“ငါ သူ့ကိုတွေ့ချင်လို့ ခေါ်ပေးစမ်းပါကွာ၊ သူ့ယောကျ်ားပါခေါ်ခဲ့”

ဒကာမကြီးက မရဲတရဲနဲ့ရောက်လာတယ်။ ရှေ့ရောက်တော့

“နင် ဘယ်လိုမှမအောက်မေ့နဲ့၊ နင့်ကျေးဇူးတွေများလွန်းလို့ ကျေးဇူးဆပ်ချင်လို့ ခေါ်လိုက်တာပါ၊ ကျေးဇူးများပုံကို ငါပြောပါဦးမယ်၊ တစ်နေ့ချိန်းတော့ ငါလာတယ်၊ လသာဆောင်အောက်က ငါနားထောင်တော့ ဒီစကားကြားတယ်၊ ဟင်. . . ဆိုပြီး ငါပြန်သွားတယ်၊ အကယ်၍သာ နင် အဲဒီအချိန်တုန်းက အဲဒီစကားသာမပြောဘူးဆိုရင် ငါ ဒုက္ခပင်လယ်ဝေနေမှာ” တဲ့။

“အခုတော့ ချမ်းသာလိုက်တာ၊ ဘာမှပူစရာမရှိဘူး၊ ဒါကြောင့် နင့်ကို ငါကျေးဇူးတင်တာ”လို့ ပြောပြီး တပည့်တွေကိုခေါ်တယ်။ မင်းတို့ကွာ ဆန်လေးဘာလေးနဲ့စားဖွယ်သောက်ဖွယ်လေးရှိရင် ဒကာမကြီးကို စွန့်လိုက်ပါ။ ငါကျေးဇူးဆပ်ချင်လို့ ပြောလိုက်သတဲ့။

အဲဒါ စစ်ကိုင်းသာသနာဝင်မှာပါတယ်။ အလွတ်ပြောတာမဟုတ်ဘူး။ ဆရာတော်ကြီးဘွဲ့တော်နဲ့

နာမည်တွေပါ ပါတယ်။ ထုတ်မပြောချင်လို့။

ငယ်ငယ်တုန်းက ငယ်စိတ်၊ ကြီးလာတော့ ကြီးစိတ်၊ လူရော ရဟန်းရော ဒီအတိုင်းပဲ။ ကြီးလာတော့ ဇရာ၊ ဗျာဓိတွေနဲ့ ကြုံဆုံ၊ သံဝေဂတွေဖြစ်၊ အဲဒီအခါ သာသနာ့အရိပ်ကို ခိုမိပြီးတော့ ချမ်းသာလိုက်တာ သိပ်ချမ်းသာတာပဲ။ သာသနာတော်ရဲ့ အရိပ် အလွန် ချမ်းသာတာကို ပြောလို့မကုန်ပါဘူး။

အရိပ်ငါးမျိုး

လောကနီတိမှာပါတယ်၊ အရိပ်ငါးမျိုး-

၁။ **"သစ်ပင်အရိပ်က ချမ်းသာတယ်"**

နေပူထဲကလာတဲ့ပုဂ္ဂိုလ်ဟာ သစ်ပင်အောက်များ ဝင်သွားပြီဆိုရင် အို-သိပ်ချမ်းသာတာပဲ၊ အေးမြပြီး အမောပြေသွားတော့တာပဲ။

၂။ **"သစ်ပင်ရိပ်ထက် ဆွေမျိုးအရိပ်က ချမ်းသာတယ်"**

သစ်ပင်က အရိပ်ပဲပေးတယ်၊ အစာမကျွေးနိုင်ဘူး၊ ဆွေးမျိုးရိပ်ကတော့ အရိပ်လည်းပေးတယ်၊ အစာလည်းကျွေးတယ်၊ ဒါကြောင့် ဆွေမျိုးတို့ရဲ့အရိပ်က ချမ်းသာတယ်။

၃။ **"ဆွေမျိုးရိပ်ထက် မိဘအရိပ်က ပို၍ချမ်းသာတယ်"**

ဆွေမျိုးက အရိပ်လည်းပေးတယ်။ ကျွေးလည်း ကျွေးတယ်။ ဒါပေမယ့် တစ်သက်လုံးတော့ တာဝန်မယူနိုင်ဘူး။ တစ်ကြိမ်၊ နှစ်ကြိမ် ပေးမယ်၊ ကျွေးမယ်။ တစ်သက်လုံးတော့ မကျွေးနိုင်ဘူး။ သူလည်း သူ့တာဝန်သူထမ်း။ ကိုယ်လည်း ကိုယ့်တာဝန်ကိုယ်ထမ်း၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ်နေကြတာ။ တစ်ခါတစ်လေတော့ ကျွေးမှာပေါ့။ မိဘကတော့ ကိုယ်မစားရကာမှနေရော၊ သားသမီးဆင်းရဲတာကို ကြည့်မနေနိုင်ဘူး၊ ပစ်မထားရက်ဘူး။ သားသမီးဒုက္ခရောက်နေပြီဆိုရင် မိဘနှစ်ပါးမှာ မရှိ ရှိတာရောင်းချပေးရတယ်။ ကိုယ်တိုင်သာအငတ်ခံမယ်၊ သားသမီးဆင်းရဲတာတော့မကြည့်ရက်ဘူး။

ဒါကြောင့် ဆွေမျိုးအရိပ်ထက် မိဘအရိပ်က ပို၍ချမ်းသာတယ်။

၄။ **"မိဘနဲ့အရိပ်နဲ့စာရင် ဆရာသမားအရိပ် ကပိုပြီး ချမ်းသာတယ်"။**

မိဘကလည်း သူတို့ရှိတုန်းပဲ ပေးနိုင်ကျွေးနိုင်မှာပါ။ သူတို့ကလည်း သခင်္ဂါရတရားပဲ။ သေရိုးသေစဉ် သေကြစတမ်းဆိုရင် မိဘများက အရင်သေမှာ။ သားသမီးက နောက်မှသေမှာ။ သက်ရှိထင်ရှားရှိတုန်းပဲ သားသမီးကိုကျွေးနိုင်မှာ၊ မရှိ

တော့ မကျေးနှိုင်ဘူး။

ဆရာဆိုတဲ့ပုဂ္ဂိုလ်ကြောင့်ကတော့ တပည့်ဟာတစ်သက်လုံး လူကောင်းသူကောင်းဖြစ်သွားတယ်။ ဆရာသေပေမယ့် ဆရာသင်ပေးခဲ့တဲ့ ပညာရဲ့အရှိန်က ကျန်ရစ်ခဲ့တယ်။ ဒါကြောင့် မိဘအရိပ်နဲ့စာရင် ဆရာသမားအရိပ်ကပို၍ ချမ်းသာတယ်။

၅။ **"ဆရာ့အရိပ်ထက် သာသနာတော်ကြီးရဲ့အရိပ်က အချမ်းသာဆုံး"**

ဆရာက သံသရာမှာ မျှော်ဦးမယ့်ပုဂ္ဂိုလ်ဖြစ်တယ်။ တပည့်လည်းမျှော၊ ဆရာလည်းမျှောရဦးမယ်။ သာသနာတော်ကြီးရဲ့အရိပ်ကတော့ ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံး ချမ်းသာစေနိုင်လို့ အချမ်းသာဆုံးဖြစ်တယ်။

အရိပ်စစ်ထဲမှာ ပျော်ရွှင်ပါ

ခိုနားလို့အကောင်းဆုံး အချမ်းသာဆုံးအရိပ်စစ်ဖြစ်တဲ့ သာသနာတော်ရဲ့အရိပ်ထဲမှာ ပျော်ရွှင်အောင်နေကြပါ။ အပြစ်ကင်းတဲ့ပျော်နည်းနဲ့ ပျော်ကြပါ။ အပြစ်လည်းကင်းတယ်၊ စားဝတ် နေရေးလည်း ပူစရာမလိုဘူး။

ဒကာ၊ ဒကာမတွေက ဒါလေးစားပါဦး၊ ဒီသက်နှံး လေးဝတ်ပါဦး၊ ချော့မော့ပြီးလျှုနေကြတာ။ ကိုယ့် တရားလေးကိုယ်နှလုံးသွင်း၊ သားဒုက္ခလည်း မရှိ၊ သမီးဒုက္ခလည်းမရှိ။ ဘယ်လောက်ချမ်းသာလဲ။

တစ်ချို့တော့လည်း နဂိုဒုက္ခအပြင် အပိုဒုက္ခတွေ ထပ်ယူထားသေးတယ်။ မွေးစားသားတို့၊ သမီးတို့ရှိကြတယ်လို့ ကြားဘူးတယ်။ ရဟန်းတော်ကြီးတွေမှာ တပည့်ဟာ တပည့်ပဲ၊ တပည့်တွေကို မေတ္တာစစ်၊ မေတ္တာမှန်နဲ့ အုပ်ချုပ်သွားမယ်ဆိုရင် အသက်ကြီးလေ ချမ်းသာလေပဲ။

ပစ္စုပ္ပန်မှာ အနေကောင်းရင် အသေလည်း ကောင်းတာပဲ။ သံသရာတစ်လျှောက်လုံးချမ်းသာတယ်။ ဒါကြောင့် အရိပ်စစ်ဖြစ်တဲ့ သာသနာတော်ကြီးရဲ့အရိပ်ဟာ အချမ်းသာဆုံးပဲ။

ဒီလောက်သိလိုက်ရရင် သာသနာတော်က ငါ့အတွက် ဘာများဆောင်ရွက်ပေးနိုင်သလဲဆိုတဲ့ မေးခွန်း မေးစရာမလိုတော့ပါဘူး။ အရိပ် ၅ မျိုးထဲမှာ အရိပ်စစ်ဖြစ်တဲ့ သာသနာတော်ရဲ့အရိပ်အောက်မှာ ကောင်းသောပျော်ရွှင်နည်းနဲ့ပျော်ရွှင်အောင် ကြိုးစားကြပါ။

သြဝါဒခံယူပုံအထိမ်းအမှတ်

ကောင်းသောညီညွတ်ခြင်းဖြစ်ပါစေ

ဒီကနေ့ ဩဝါဒခံယူပွဲမှာ . . . ထေရဝါဒတက္ကသိုလ်၊ သာသနာ့တက္ကသိုလ်၊ ဗုဒ္ဓတက္ကသိုလ် စသည်ဖြင့် တက္ကသိုလ်အသီးသီးက တပည့်တွေပါလာကြတယ်။ တပည့်တို့သင်ထား တတ်မြောက်ထားတဲ့ လောကီ၊ လောကုတ္တရာပညာတွေနဲ့ သာသနာပြုကြပါ။ သာသနာတော်ကို အဖက်ဖက်ကစောင့်ရှောက်ကြပါ။

စာသင်နေကြတဲ့တပည့်တွေကို စာချပေးနေတဲ့ တပည့်ကြီးတွေ၊ ကျောင်းထိုင်တပည့်ကြီးတွေအားလုံး ကိုယ်တတ်ထားတဲ့ပညာနဲ့ သာသနာတော်ရဲ့အကျိုးစီးပွားကို ဆောင်ရွက်ကြပါ။ တို့သာသနာတော်အတွက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။

ဒါဆိုရင် "ငါသည် သာသနာတော်ရဲ့ အကျိုးစီးပွားကို ဘယ်လောက်ဆောင်ရွက်ပြီးပြီလဲ"ဆိုတဲ့ မေးခွန်းရဲ့အဖြေပေါ်လာပါလိမ့်မယ်။ ပေါ်အောင်လည်းကြိုးစားပါ။ ထိုကဲ့သို့ကြိုးစားနေသောပုဂ္ဂိုလ်တို့၏ညီညွတ်ခြင်းသာ ကောင်းသော ညီညွတ်ခြင်း ဖြစ်ပါလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ကတော့ တပည့်တွေအားလုံး ကောင်းသောညီညွတ်ခြင်းဖြင့် ညီညွတ်ကြကုန်လျက်

ဘုရားစကားနားထောင်တဲ့ သာသနာ့ဝန်ထမ်း၊
သာသနာပြုတပည့်တွေဖြစ်ကြပြီး။ ကိုယ်စိတ်နှစ်ပါး
ချမ်းသာစွာနဲ့ တစ်သံသရာလုံး အပါယ်ဘေးကလွတ်၊
လူ့ထက်သာတဲ့ လူ၊ နတ်ထက်သာတဲ့ နတ် ဖြစ်ကြပြီး၊
ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြပါ
စေလို့ ဆုတောင်းရင်းနဲ့ ဩဝါဒကို ဤမျှဖြင့်ပင် နိဂုံး
ချုပ်လိုက်ပါတယ် တပည့်အပေါင်းတို့။ ။

။ သာဓု သာဓု သာဓု ။



ဩဝါဒခံယူပွဲအထိမ်းအမှတ်

အမျိုး ဘာသာ သာသနာတော် အကျိုးကို
စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူကြမည့်
ဘာသာရေးခေါင်းဆောင် သံဃာတော်များအတွက်
အထူးညြှိဝါဒကထာ မြွတ်လက်ဆောင်

မာတုဂါမ၊ သံသဒ္ဒ၊ လုံးဝရှောင်ကြဉ်သင့်၊
လွှဲညံ့ လွှဲဖျင်း၊ အိမ်လည်ခြင်း၊ အလျဉ်းမပြုနှင့်။
ငွေချေးငွေစု၊ လူအမှု၊ မပြုမိလေနှင့်။
တပည့်ဒကာ၊ ဂုဏ်မျက်နှာ၊ ဘယ်ခါမလိုက်သင့်။
ခရီးမများ၊ တရားပေစာ၊ ပို့ချက်ကာ နေတတ်အောင်သာကျင့်။
ကျောင်းမထိုင်ခင်၊ ထေရ်အရှင်၊ အင်္ဂါငါးရပ်မှတ်ဖို့သင့်။
ခေတ်အားလျော်စွာ ၊ အင်ငါးဖြာ၊
လိုက်နာနိုင်မှ တော်မည်ထင့်၊
ကျောင်းထိုင်မစား။ ဘုရားသာသနာ
စောင့်ရှောက်ရာ၊ ရောက်မှာကေန်ဖြစ်။ ။

မိုးကောင်းဆရာတော်ဘုရားကြီး